မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်၊ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာ ၈ ရက်၊ စနေနေ့၊ အတွဲ (၅၁)၊ အမှတ် (၃၃၉)

"မိမိတို့အစိုးရ၏ ရည်မှန်းချက်သည် ပြည်သူအများစု၏ဆန္ဒဖြစ်သော တိုင်းပြည် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုး တိုးတက်ရေးကို အောင်မြင်အောင် အကောင် အထည်ဖော်ရန်ဖြစ်သည်"

ဒို့တာဝန်အရေး (၃) ပါးသည် နိုင်ငံသားတိုင်း ရာသက်ပန်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည့် တူညီသောတာဝန်ဖြစ် ကိုယ့်ဒေသဖွံ့ဖြိုးအောင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများကိုယ်တိုင် တာဝန်ယူပြီး အပြိုင်အဆိုင်လုပ်ကြရမည်

ပြည်ပအရင်းအနှီးများဖိတ်ခေါ်ပြီး ပြည်သူများအကျိုးရှိစေမည့် စက်မှုလုပ်ငန်းများ၊ စက်မှုဇုန်များ ထူထောင်နိုင်ရန်ကြိုးပမ်း

နေပြည်တော် စက်တင်ဘာ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့မွန်းလွဲ ၂ နာရီ ၁၀မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲ အခမ်းအနားသို့ ဒုတိယသမ္မတများ ဖြစ်ကြသည့် ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဦးဉာဏ်ထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသိန်းညွန့်၊ ဦးစိုးမောင်၊ ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်းနှင့် ဦးလှထွန်း၊ ဒုတိယဝန်ကြီး ဦးသန့်ရှင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများက တစ်ဦးချင်း မိတ်ဆက်စကား ပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကား ပြောကြားရာ၌ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများနှင့် ပထမဆုံးအကြိမ် တွေ့ဆုံကြခြင်းဖြစ်ပါကြောင်း၊ အားလုံး ကျန်းကျန်းမာမာ ရှိကြစေရန် ရှေးဦးစွာ ဆုမွန်ကောင်းတောင်း အပ်ပါကြောင်း။

တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးများသည် သက်ဆိုင်ရာ

စာမျက်နှာ ၈ ကော်လံ ၁ ❖

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မော်ဟန်နှင့် မိုးညှင်းအကြား ဘေလီတံတား မိုင်းခွဲဖျက်ဆီးခံရ ရထားသံလမ်းပြတ်တောက်သွားသဖြင့် ခရီးသွားများ အခက်ကြုံ

မိုးညှင်း စက်တင်ဘာ ၇

စက်တင်ဘာ ၆ ရက် ညနေ ၆ နာရီ ၃၅ မိနစ်ခန့်က မန္တလေး-မြစ်ကြီးနား ရထားလမ်း မိုးညှင်းမြို့နယ် မော်ဟန်နှင့် မိုးညှင်းဘူတာအကြားရှိ ပေ ၁၆၀ ရှည် တံတားအမှတ်(၅၅၅) ဘေလီသံပေါင်တံတားကို ကေအိုင်အေအဖွဲ့က မိုင်းခွဲဖျက်ဆီးခဲ့သဖြင့် ရထားသံလမ်းလေးပေခန့် ပြတ်တောက်ကာ သံလမ်းများ ကောက်ကွေးသွားခဲ့ပြီး ကျန်ဗုံးသီးတစ်လုံးမှာ ပေါက်ကွဲမှု မရှိခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ဖြစ်စဉ်ဖြစ်ပွားချိန်က ပစ်ခတ်သံများ၊ မိုင်းကွဲသံများ ကြားခဲ့ရကြောင်း၊ တံတားပျက်စီးသွားသဖြင့် အမှတ် (၃၇) အဆန်ရထားသည် မော်ဟန်ဘူတာတွင် ရပ်နားထားရကြောင်းနှင့် ရထားပေါ်ပါခရီးသည်များအား မော်ဟန်အုပ်ချုပ်ရေးမှူးနှင့် လူမှုရေးအသင်းအဖွဲ့များက ထမင်းထုပ် ၅၀၀ ခန့်နှင့် ရေသန့်ဘူးများ ဝေငှပေးခဲ့ကြောင်း သိရသည်။ ယနေ့နံနက်ပိုင်းမှစ၍ မီးရထားလမ်း အမြန်ဆုံးပြီးစီးရေးအတွက် မြန်မာ့မီးရထားဝန်ထမ်းများက ပြင်ဆင်လျက်ရှိသည်။

၂၀၁၁ ခုနှစ် ဇွန်လမှ ယနေ့အထိ ကေအိုင်အေအဖွဲ့၏ မိုင်းထောင် ဖောက်ခွဲမှုကြောင့် နန့်စီးအောင်-မြစ်ကြီးနား မီးရထားလမ်းတွင် မိုင်း ၅၂ ကြိမ် ပေါက်ကွဲခဲ့ကြောင်းနှင့် ကေအိုင်အေအဖွဲ့၏ မိုင်းထောင် ဖောက်ခွဲမှုကြောင့် မန္တလေးမှ မြစ်ကြီးနားသို့ ပြေးဆွဲသော မီးရထားများ ရပ်တန့်လျက်ရှိရာ ဒေသခံပြည်သူများ ဆက်သွယ်သွားလာရေး အခက်အခဲဖြစ်ခဲ့ရကြောင်း သိရှိရသည်။ **(၁၇၁)**

မြန်မာ့ရွှေဈေး ကျပ် ၇၇၀၀၀၀ ကျော်မြင့်တက်လာခဲ့

သတင်းနှင့်ဓာတ်ပုံ – အဝယ်တော်မိုးထော်

ရန်ကုန် စက်တင်ဘာ ၇

ပြီးခဲ့တဲ့အပတ်ကထက် ရွှေဈေးက မြင့်တက်လာခဲ့ပြန်ပါပြီ။ "ပြည်တွင်းရွှေဈေးကွက်က အကျမရှိဘဲ အတက်ဘက်ကိုပဲ လှမ်းနေခဲ့တာကြာပါပြီ" ဟု ရွှေဘုံသာလမ်းရှိ ရွှေလုပ်ငန်းရှင်တစ်ဦးက ဆိုပါသည်။

"ဘယ်လိုပဲ ရောင်းအားမြင့်တက်မှုတွေလုပ်လုပ် ရောင်းအားက တက်မလာဘဲ ရောင်းအားတွေ ကျဆင်းနေပါတယ်။ ရွှေဈေးကတက်ပြီး ရင်းတက်၊ ရောင်းအားတွေက ကျပြီးရင်းကျနဲ့မို့ မြန်မာ့ရွှေလုပ်ငန်းက ဘယ်လိုခန့်မှန်းရမယ်မသိတော့ပါဘူး" ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဝင်တစ်ဦးက မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၅ *

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

တစ်ကွက်ပေါ်လျှင် တစ်ကွက်စိုက်

ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှု၏ အကျိုးဆက်ကြောင့် မြန်မာနိုင်ငံတွင် ယခုနှစ် မိုးရာသီကာလအတွင်း အချို့သောဒေသများ၌ မိုးများအဆက်မပြတ်ရွာသွန်းကာ မြစ်ရေလျှံမှုများ ဖြစ်ပွားခဲ့ရပါသည်။ အထူးသဖြင့် ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း မိုးများရွာသွန်းခဲ့မှုကြောင့် မြစ်ရေကြီးမှုများ ဖြစ်ပွားခဲ့ရသည်။

ထိုသို့ မြစ်ရေကြီးမှုများ ဆက်တိုက်ဖြစ်ပွားခဲ့သဖြင့် အချို့သောဒေသများ စိုက်ပျိုးပြီး လယ်ယာမြေများ ရေကြီးနစ်မြုပ်ပျက်စီးမှုများ ရှိခဲ့သည်။ ယခုအခါနေရာအတော်များများတွင် မြစ်ရေလွှမ်းမှုများ အတန်အသင့် လျော့ပါးသွားပြီဖြစ်၍ ပျက်စီးဆုံးရှုံးလယ်ယာမြေများ ပြန်လည်စိုက်ပျိုးနေကြပြီဖြစ်ပါသည်။ အဓိကအားဖြင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသများဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် မြစ်ရေလျှံမှုများ ဖြစ်ပွားခဲ့ပြီးနောက် ပျက်စီးလယ်ယာ မြေများ ပြန်လည်စိုက်ပျိုးနေကြပြီဖြစ်သည်။

၎င်းဒေသကြီးများသည်ကား မြန်မာနိုင်ငံ၏ စပါးကျီများလည်း ဖြစ်ပါသည်။ နှစ်စဉ်ထွက်ရှိသော ဆန်စပါးအများစုသည် ထိုတိုင်းဒေသကြီးများမှ ဖြစ်ပါသည်။ ထို့နောက်တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့သည်လည်း နှစ်စဉ် ဆန်စပါးအမြောက်အမြားထွက်ရှိရာဒေသများဖြစ်သည်။ ၎င်း ဒေသများသည် တစ်ဆက်တစ်စပ်တည်း တည်ရှိနေပြီး စပါးစိုက်ပျိုးရန် မြေပြန့်လွင်ပြင်များ ပေါများသောဒေသများလည်း ဖြစ်သည်။ မြစ်ရေကြီးမှုဒဏ်နည်းပါးသော ထိုဒေသများသည် ယခုအခါ စပါးကောင်းစွာ စိုက်ပျိုးနိုင်ကြပါသည်။

သို့သော်လည်း မြန်မာနိုင်ငံအောက်ပိုင်းဒေသအချို့တွင် မြစ်ရေလျှံမှုများကြောင့် ပျက်စီးသွားသော လယ်ယာမြေများကို ပြန်လည်စိုက်ပျိုးနေကြရပါသည်။ သက်ဆိုင်ရာဒေသတာဝန်ရှိသူများနှင့် တောင်သူလယ်သမားတို့ ပူးပေါင်းကာ ဆုံးရှုံးသွားသော လယ်ယာမြေများတွင် အမြန်ဆုံးစိုက်ပျိုးလျက် ရှိကြပါသည်။ ၎င်းသို့ ပြန်လည်စိုက်ပျိုးရာတွင် စိုက်ပျိုးရေးအတွက် လိုအပ်သည့်ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ မျိုးစေ့စသည်ဖြင့် သက်ဆိုင်ရာက ဖြည့်ဆည်းကူညီပေးလျက်ရှိကြောင်း ကြားသိရပါသည်။

ဆန်စပါးသည် မြန်မာနိုင်ငံ၏အဓိက စီးပွားရေးထုတ်ကုန်ဖြစ်ပါသည်။ စပါးကို ရှေးအခါက မြန်မာနိုင်ငံတွင် မိုးအခါ၌သာ စိုက်ပျိုးခဲ့သော်လည်း မကြာမီနှစ်များမှစပြီး မိုးသာမက နွေရာသီတွင်လည်း စိုက်ပျိုးလျက်ရှိကြပါသည်။ စိုက်ပျိုးထုတ်လုပ်မှု တစ်နှစ်ထက်တစ်နှစ်မြင့်မားတိုးတက်လာရေးအတွက် နိုင်ငံတော်အစိုးရအပိုင်းက အားပေးနေသလို ဒေသဆိုင်ရာ လယ်သမားများကလည်း အားကြိုးမာန်တက်စိုက်ပျိုးလျက်ရှိကြပါသည်။ ယခုနှစ်မှစပြီး တစ်ဧကအထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့် စပါးမျိုးများကို တိုးချဲ့စိုက်ပျိုးလျက်ရှိကြပါသည်။

ဆန်စပါးသည် နိုင်ငံ၏ ဝမ်းစာဖြစ်သကဲ့သို့ နိုင်ငံ၏ စီးပွားလည်းဖြစ်သည်။ နှစ်စဉ် ဂျီဒီပီတိုးတက်မှုနှုန်းကို လယ်ယာကဏ္ဍက အများဆုံးဖြည့်ဆည်းပေးလျက်ရှိသည်။ ထို့ကြောင့်လည်း တစ်ဧကအထွက်နှုန်းတိုးတက်ကောင်းမွန်ရေးနှင့် စိုက်ပျိုးလယ်ယာမြေများများ ဖော်ထုတ်လုပ်ကိုင်ရေးအတွက် တွန်းအားပေး ဆောင်ရွက်လျက်ရှိသည်။

၎င်းသို့သောအခြေအနေတွင် မြစ်ရေကြီးမှုကြောင့် ဆုံးရှုံးသွားသည့် လယ်ယာမြေများ အမြန်ဆုံး စိုက်ပျိုးရေးသည် လယ်ယာကဏ္ဍတိုးတက်မြင့်မားရေးအတွက် ပဓာနအကျဆုံး ဆောင်ရွက်ချက် ဖြစ်ပါသည်။ ထို့ကြောင့် ဆုံးရှုံးသွားသော လယ်ယာမြေများ ပြန်လည်စိုက်ပျိုးရေးအတွက် နှောင့်နှေးကြန့်ကြာမနေသင့်ပါ။ သက်ဆိုင်ရာဒေသတာဝန်ရှိသူများနှင့် တောင်သူလယ်သမားတို့ ပူးပေါင်းကာ မြစ်ရေကျဆင်းသွားသော နေရာများတွင် တစ်ကွက်ပေါ်လျှင်တစ်ကွက်စိုက် စနစ်ကို ကျင့်သုံးပြီး စိုက်ပျိုးသွားသင့်ပါကြောင်း အကြံပြုတိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်တွင်းစားအုန်းဆီဈေးကွက်

ရန်ကုန် စက်တင်ဘာ ၇

ပြည်တွင်းစားအုန်းဆီဈေးကွက်တွင် စက်တင်ဘာ ၆ ရက် လက်ကား တစ်ပိဿာလျှင် ငွေကျပ် ၁၆၈၅ နှုန်းသို့ ကျဆင်းလာရာ ပြည်တွင်းစားအုန်းဆီဈေးနှုန်းသည် ပြည်ပအရင်းဈေးနှုန်းထက် နိမ့်ကျနေကြောင်း သိရသည်။

စက်တင်ဘာ ၅ ရက်တွင် စားအုန်းဆီ မလေးရှား FOB က တစ်တန်လျှင် ဒေါ်လာ ၁၀၃၀၊ ရန်ကုန်ဆိပ်ကမ်း CIFတစ်တန်ဒေါ်လာ၁၀၅၅ နှုန်း၊ ပြည်တွင်း ငွေလဲနှုန်း ၈၆၃ ကျပ်နှုန်းဖြင့် ဆိပ်ကမ်းရောက်တစ်ပိဿာဈေးနှုန်း(အရင်းဈေး) ၁၇၂၆ ကျပ်ထိ မြင့်တက်နေကြောင်းသိရသည်။

ယခုရက်ပိုင်းပြည်တွင်းဈေးကွက်တွင် ရောင်းချနေသော စားအုန်းဆီဈေးနှုန်းများမှာ ဩဂုတ်လလယ်တွင် ပြည်ပမှဝယ်ယူထားသော စားအုန်းဆီများဖြစ်ရာ ယင်းရက်ပိုင်းအတွင်း ဆိပ်ကမ်းရောက် တစ်ပိဿာဈေးနှုန်း(အရင်းဈေး) မှာ ကျပ် ၁၆၇၀ ခန့်သာရှိသဖြင့် ယနေ့စားအုန်းဆီ လက်ကားဈေးနှုန်းအရဆိုလျှင် ပြည်ပမှ စားအုန်းဆီတင်သွင်းသူများအတွက် အမြတ်အစွန်နည်းကြောင်း သိရသည်။ **(ခင်ဆိုင်)**

နေအိမ်ခေါင်မိုးတွေကို သစ်သားအစား သံပိုက်တွေအသုံးပြုမှုများပြားလာ

လားရှိုး စက်တင်ဘာ ၇

ယခုအခါ နေအိမ်တိုက်တာအဆောက်အအုံတွေ ဆောက်လုပ်ကြရာမှာ ခေါင်မိုးအတွက် သစ်သားတွေအစား သံပိုက်တွေကို အများစုက သုံးစွဲလာတာတွေ့မြင်ရပါတယ်။ နေအိမ်ပုံစံတွေကို နိုင်ငံခြားတိုင်းပြည်များက အိမ်ပုံစံယူပြီး ဆောက်လာကြတယ်။ အိမ်ခေါင်မိုးတွေကိုလည်း ခေါင်ချိုးအလှတွေဖော်ပြီးမိုးကြတယ်။ အမိုးသွပ်ပြားတွေကိုလည်း ရိုးရိုးသွပ်တွေအစား အလျူဇင့်သွပ်တွေကို စိတ်တိုင်းကျအကွက်ဖော်ပေးဖို့ အလျူဇင့်သွပ်ပြားထုတ်လုပ်ရောင်းချတဲ့ကုမ္ပဏီတွေဆီက မှာယူကြတယ်။

"ကျွန်တော့်အိမ်က ကိုယ်တိုင်ပုံစံထုတ်ပြီး ခေါင်ချိုးတွေ၊ အခန်းအဆောင်တွေဖွဲ့ပြီး ဆောက်တာပါ။ အိမ်ခေါင်ချိုးအလှတွေပေါ်အောင် ရိုးရိုးသွပ်အစား အလျူဇင့်သွပ်တွေနဲ့မိုးတယ်။ လက်ရှိအချိန်မှာ အိမ်ခေါင်မိုးအတွက် သစ်တွေက အကောင်းရဖို့ ခက်လာတယ်။ စိုနေတဲ့သစ်တွေဆိုရင် ရာသီဥတုဒဏ်ကြောင့် ကောက်ကွေ့သွားတာမျိုးရှိလာနိုင်တယ်။ အခုလိုသံပိုက်လုံးတွေနဲ့ ခေါင်မိုးတင်လိုက်တော့ သစ်သားလို ကောက်သွားမှာ၊ ပိုးစားမှာ ပူစရာမလိုတော့ဘူးလေ။ ရာသီဥတုဒဏ်ခံနိုင်သလို အလှဆင်လို့လည်း အဆင်ပြေတယ်။ ကုန်ကျစရိတ်အတွက်က သစ်သားဖိုးကုန်ကျမှာနဲ့ မဆိုစလောက်ကလေး ပိုသွားတာပါ။ ပြီးတော့ ကျွန်တော်က အိမ်အလှဆင်ဖို့ အလျူဇင့်သွပ်အမျိုးအစားကို မိုးချင်တာမို့ အိမ်ကလှပသွားတာပါ"လို့ လားရှိုးမြို့ အောင်စေတနာရပ်ကွက်မှာ အိမ်ဆောက်နေတဲ့ ဦးတင့်ဝေက ပြောပြပါတယ်။

ယခုအခါ လားရှိုးမြို့က မြို့ကွက်သစ်တစ်ခုဖြစ်တဲ့ အောင်စေတနာရပ်မှာ ငွေကြေးတတ်နိုင်သူအများစုဟာ လှပတဲ့အိမ်ကြီးအိမ်ကောင်းတွေကို ခေါင်ချိုးတွေ၊ အတွန့်တွေမှာ အလျူဇင့်သွပ်ရောင်စုံတွေ မိုးနိုင်ဖို့အတွက် ခေါင်မိုးတွေကို သံပိုက်လုံးတွေနဲ့ ဒိုင်းတွေ၊ မြားတွေ ပြုလုပ်လာကြတာကို တွေ့လာရပါတယ်။ (၁၇၇)

Myanmar Business Plan Contest 2012 ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၇

စီးပွားရေးလုပ်ငန်းရှင်လူငယ်များ စနစ်တကျမွေးထုတ်ပေးနိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းသစ်များ ဖော်ထုတ်နိုင်ရန်ရည်ရွယ်လျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ဂျပန်နိုင်ငံ CIESF အဖွဲ့တို့ပူးပေါင်းကျင်းပသည့် Myamar Business Plan Contest 2012 ၏ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁ ရက် နံနက် ၁၀ နာရီက ကုန်သည်/ စက်မှုအသင်းချုပ် ပထမထပ်ခန်းမကြီး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က အမှာစကားပြောကြားကာ CIESF မှ Chairperson & Founder , Mr. Hideo Okubo နှင့်

အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်တို့က Myanmar Business Plan Contest 2012 ပူးပေါင်းကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆုများကို အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် CIESF မှ Chairperson & Founder , Mr.Hideo Okubo တို့က ချီးမြှင့်ကြသည်။ အသက် (၂၃) နှစ်အောက် ကျောင်းသားလူငယ်များအဆင့် ပထမဆု USD 1000 ကို နေလင်းအောင်၊ သန့်သဇင်၊ စိုးမိုးဦးတို့က Myanmar Traditional Souvenir Business Plan ဖြင့်လည်းကောင်း၊ အသက် (၂၈) နှစ်အောက် လုပ်ငန်းအတွေ့အကြုံရှိ လူငယ်များအဆင့် ပထမဆု USD 3000 ကို မင်းမင်းထွန်းနှင့် ပြည်စိုးထွန်းတို့က Mobile Lunch Box Business Plan ဖြင့်လည်းကောင်း ရရှိကြပြီး အဆင့်နှစ်ခုလုံးအတွက် ဒုတိယနှင့် တတိယဆုများကိုပါ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(ကုန်သည်/စက်မှုအသင်းချုပ်)

သူနာပြု၊ သားဖွားဆရာမများအား သင်တန်းပေး

ရန်ကုန် စက်တင်ဘာ ၇

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနက ကြီးမှူး၍ UNFPA ကူညီပံ့ပိုးမှုဖြင့် မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီးတွင် ပြုလုပ်သည့် သူနာပြု၊ သားဖွားသင်တန်းကျောင်းများမှ သင်ကြားရေးဆရာမများအတွက် Basic Emergency Obstetric Care and Essential Newborn Care Hands on Training for Faculty Members of Nursing and Midwifery School သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးသန်းလွင်နှင့် ဆေးတက္ကသိုလ်(၂) သားဖွားမီးယပ်ပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာဒေါ်မြသီတာ (သင်တန်းတာဝန်ခံ)က အမှာစကားပြောကြားသည်။ ပထမအသုတ်တွင် သင်တန်းသူ ၁၂ ဦးပါဝင်ပြီး သင်တန်းကာလမှာ လေးလကြာမြင့် မည်ဖြစ်သည်။ ၂၀၁၄ ခုနှစ်အထိ သင်တန်းသူ ၇၂ ဦးအား သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးများ၊ ကလေးအထူးကု ဆရာဝန်ကြီးများက လက်တွေ့ပို့ချ လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အင်းများအတွင်း ငါးမျိုးစိုက်ထည့်

ပြည် စက်တင်ဘာ ၇

ငါးသယံဇာတတိုးတက်ထုတ်လုပ်နိုင်သည်နှင့်အမျှ ဒေသတွင်းပြည်သူများယခုထက် စားဝတ်နေရေးပိုမိုအဆင်ပြေမည်ဖြစ်သည်။ ထို့ကြောင့် မြစ်ချောင်း၊ အင်းအိုင်များရှိသောဒေသများတွင် အခြေအနေပေးသည်နှင့် ငါးမျိုးများ စိုက်ထည့်မွေးမြူလေ့ရှိကြသည်။ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်တွင်လည်း ရေသယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့ခိုင်မြဲစေရေး၊ ငါးသယံဇာတထိန်းသိမ်းရေးနှင့် ငါးထွက်ရှိမှုတိုးတက်ရေးတို့အတွက် ခရိုင်အတွင်းရှိ အင်းများအတွင်းသို့ ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက ပြည်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်မြင့်နှင့်ဝန်ထမ်းများ၊ ပြည်ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှမိုးနှင့်တာဝန်ရှိသူများ၊ အင်းသားကြီးများက ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၃၅၀၀၀ မျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။

(အောက်ပုံ) (မြန်မာ့အလင်း)

မြန်မာ့အလင်း ◆ ပြည်သူကြားကစကားသံ

မြို့လယ်ကောင်လမ်းပေါ်မှ မြင်ကွင်းများ

ရန်ကုန် စက်တင်ဘာ ၇

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ
မောင်ကျောက်တံတား

အောက်ဖော်ပြပါပုံသည် အမှတ်မထင် မြင်ကွင်း လျှပ်တစ်ပြက်ဓာတ်ပုံမဟုတ်ပါ၊ နေ့စဉ် မြင်တွေ့နေရသော မြင်ကွင်းဓာတ်ပုံဖြစ်ပါသည်။ ရန်ကုန်မြို့လယ်၏အချက် အချာ (Down town) ဧရိယာဟုခေါ်တွင်သော ကျောက်တံတားမြို့နယ် အလယ်ဘလောက် မဟာဗန္ဓုလပန်းခြံလမ်းနှင့် အနော်ရထာလမ်းထောင့်၌ ဖြစ်ပါသည်။ စာရေးသူ နေ့စဉ်ဖြတ်သန်းသွားလာသောနေရာလည်းဖြစ်သည်။ မဟာဗန္ဓုလပန်းခြံလမ်းမှာ ယာဉ်အသွားအလာများပြားသော ပေ ၂၀ခန့်ကျယ်သည့် လမ်းဖြစ်ပြီး ယာဉ်ကြော မပိတ်ဆို့စေရေးအတွက် တောင်ဘက်မှ မြောက်ဘက်သို့သာ ယာဉ်များမောင်းနှင်သွားလာစေသည့် တစ်လမ်းမောင်းအဖြစ် သက်ဆိုင်ရာက သတ်မှတ်ပေးထားခြင်း ဖြစ်သည်။

*လမ်းဘေးဈေးရောင်းချသူများ၏ သက်သာချောင်ချိရေး၊ လူမှုရေးအတွက် လူသွားစင်္ကြံပလက်ဖောင်းပေါ်တွင် တစ်ဖက်ကပ်၍ နေ့စဉ် ညနေ ၃ နာရီမှ စတင်ရောင်းချခွင့်ကိုလည်း တာဝန်ရှိသူများက စည်းကမ်းနှင့်အညီ သတ်မှတ်ခွင့်ပြုပေးထားခဲ့သည်။ သို့သော် စည်းကမ်းမလိုက်နာသူ၊ စည်းကမ်းလိုက်နာမှုအားနည်းနေသည့် ဈေးရောင်းသူအချို့က လူသွားလမ်းပလက်ဖောင်းစင်္ကြံပေါ်တွင်သာ မဟုတ်တော့ဘဲ မော်တော်ယာဉ်သွားလမ်းပေါ်တွင်ပါ ထီးအမိုးများဖြင့် နေရာယူခင်းကျင်းရောင်းချကြသည်။ **(ယာပုံ)** ဈေးဝယ်သူ၊ စားသုံးသူများကလည်း မော်တော်ယာဉ်သွားကားလမ်းပေါ် စားပွဲထိုင်ခုံချ၍ စိတ်အေးလက်အေး ဝယ်ယူစားသောက်ကြသည်မှာ နံနက်ပိုင်းမှ ညပိုင်းအထိပင် ဖြစ်သည်။*

ပန်းခြံလမ်း၏ ဘေးတစ်ဖက်စီတွင် မော်တော်ယာဉ်များ ရပ်နားထားကြသဖြင့် မော်တော်ယာဉ်တစ်စီးသာ အလယ်ကြောမှ မောင်းနှင်သွားလာခဲ့ကြရသည်။အကြောင်းခြင်းရာတစ်ခုခုကြောင့် အလယ်ယာဉ်ကြောမှ မော်တော်ယာဉ်တစ်စီးရပ်နားလိုက်ပြီဆိုပါလျှင် နောက်မှဆင့်ကာဆင့်ကာ ရောက်ရှိလာသည့် မော်တော်ယာဉ်များ ကျော်တက်မောင်းနှင်မရတော့သဖြင့် အလိုအလျောက် ယာဉ်ကြောပိတ်ဆို့မှုဖြစ်သည်ကိုလည်း မကြာခဏမြင်တွေ့ရသည်။ မော်တော်ယာဉ်အသစ်များ တိုးတက်များပြားလာခြင်းနှင့်အတူ စည်းကမ်းမလိုက်နာသည့် မော်တော်ယာဉ်များ၏ လမ်းစည်းကမ်းချိုးဖောက်ခြင်းကြောင့်အပြင် ယခုကဲ့သို့လမ်းကျယ်ကို လမ်းကျဉ်းဖြစ်အောင် ယာဉ်သွားလမ်းပေါ်တွင် ဈေးရောင်းချနေခြင်းသည်လည်း ယာဉ်ကြောပိတ်ဆို့မှုဖြစ်စေသည့် အကြောင်းတစ်ရပ်ပင်ဖြစ်သည်။

ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ စည်းကမ်းရှိစွာဖြင့် တက်ချီလှမ်းရာတွင် မိမိကိုယ်ကျိုးတစ်ခုတည်းကိုသာ မျှော်ရည်၍ လွတ်လပ်ပြီဆိုကာ လူသွားလမ်းပေါ်တွင် ဆေးရိုးလှမ်းသကဲ့သို့ အပြုအမူမျိုးအား ရှောင်ကြဉ်သင့်ပါကြောင်း အသိပေးရေးသားတင်ပြအပ်ပါသည်။

ပို့ကုန် သွင်းကုန်ဥပဒေပြဋ္ဌာန်း

ပို့ကုန်သွင်းကုန်ဥပဒေ
(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၇။)
၁၃၇၄ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်
(၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပို့ကုန် သွင်းကုန်ဥပဒေဟု ခေါ်တွင်စေရမည်။
၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-
(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။
(ခ) **တင်ပို့ခြင်း** ဆိုသည်မှာ ကုန်ပစ္စည်းတစ်ရပ်ရပ်ကို ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် နိုင်ငံတော်ပြင်ပသို့ တင်ပို့ခြင်းကို ဆိုသည်။
(ဂ) **တင်သွင်းခြင်း** ဆိုသည်မှာ ကုန်ပစ္စည်းတစ်ရပ်ရပ်ကို ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် နိုင်ငံတော်အတွင်းသို့ တင်သွင်းခြင်းကို ဆိုသည်။
(ဃ) **ပို့ကုန်သွင်းကုန်** ဆိုသည်မှာ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် နိုင်ငံတော်ပြင်ပသို့ တင်ပို့သည့် သို့မဟုတ် နိုင်ငံတော်အတွင်းသို့ တင်သွင်းသည့် ကုန်ပစ္စည်း သို့မဟုတ် နည်းပညာတစ်ရပ်ရပ်ကိုဆိုသည်။
(င) **ခွင့်ပြုချက်** ဆိုသည်မှာ ကုန်ပစ္စည်းတစ်ခုခုကို တင်ပို့ရန်ဖြစ်စေ၊ တင်သွင်းရန်ဖြစ်စေ ဝန်ကြီးဌာနက ထုတ်ပေးသည့် ခွင့်ပြုချက်ကို ဆိုသည်။
(စ) **ကုန်သွယ်ရေးစခန်း** ဆိုသည်မှာ ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ ကိစ္စရပ်များကို တရားဝင်ဆောင်ရွက်နိုင်ရန် သတ်မှတ်ထားသော ပြည်တွင်း သို့မဟုတ် ပြည်ပရှိ နေရာဒေသ၊ စခန်း၊ ရုံး သို့မဟုတ် အခြားနေရာ တစ်ခုခုကို ဆိုသည်။
(ဆ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဆိုသည်။
(ဇ) **ဝန်ကြီး** ဆိုသည်မှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာအခြေခံမူများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊
(ခ) နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ပို့ကုန် သွင်းကုန်ဆိုင်ရာမူဝါဒများကို ချမှတ်နိုင်ရန်၊
(ဂ) နိုင်ငံတော်၏ ပို့ကုန် သွင်းကုန်ဆိုင်ရာ မူဝါဒများနှင့် ဆောင်ရွက်ချက်များသည် နိုင်ငံတကာကုန်သွယ်မှုစံများနှင့်အညီ ဖြစ်စေရန်၊
(ဃ) ပို့ကုန် သွင်းကုန်ဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ချောမွေ့လွယ်ကူမြန်ဆန်စေရန်။

အခန်း(၃)
ပို့ကုန် သွင်းကုန်ဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲခြင်း

၄။ ဝန်ကြီးဌာနသည် ပို့ကုန် သွင်းကုန်ဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-
(က) ပို့ကုန် သွင်းကုန်၏ ပစ္စည်းအမျိုးအမည်နှင့် အဆင့်အတန်းများ သတ်မှတ်ခြင်း၊
(ခ) ပို့ကုန် သွင်းကုန်အတွက် ကန့်သတ်ကုန်ပစ္စည်း၊ တားမြစ်ကုန်ပစ္စည်း၊ ပိတ်ပင်ကုန်ပစ္စည်းများသတ်မှတ်ခြင်း၊
(ဂ) ပို့ကုန် သွင်းကုန်ကို တင်ပို့ခြင်းနှင့် တင်သွင်းခြင်းပြုရမည့် နည်းလမ်းနှင့် အခြားလိုအပ်သော စည်းကမ်းချက်များ သတ်မှတ်ခြင်း၊
(ဃ) ပို့ကုန် သွင်းကုန်အတွက် ခွင့်ပြုချက်ထုတ်ပေးခြင်းနှင့် ခွင့်ပြုချက်ဆိုင်ရာ စည်းကမ်းချက်များသတ်မှတ်ခြင်း၊
(င) ပို့ကုန် သွင်းကုန်ကို တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းပြုလုပ်ရမည့် ဆိပ်ကမ်း၊ လေဆိပ်၊ ယာဉ်စခန်း စသည့်နေရာများနှင့် သက်ဆိုင်သော စည်းမျဉ်း၊ စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ခြင်း၊
(စ) ပို့ကုန် သွင်းကုန်ဆိုင်ရာ အခြားလိုအပ်သော ကိစ္စရပ်များ ဆောင်ရွက်ခြင်း။

အခန်း(၄)
တားမြစ်ချက်များ

၅။ မည်သူမျှ ကန့်သတ်တားမြစ်ပိတ်ပင်ထားသော ကုန်ပစ္စည်းများကို တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းမပြုရ။
၆။ မည်သူမျှ ခွင့်ပြုချက်ရယူရန် သတ်မှတ်ထားသော ကုန်ပစ္စည်းများကို ခွင့်ပြုချက်ရယူခြင်းမရှိဘဲ တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းမပြုရ။
၇။ မည်သည့်ခွင့်ပြုချက်ရရှိသူမျှ ခွင့်ပြုချက်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမပြုရ။

အခန်း(၅)
ပြစ်မှုနှင့်ပြစ်ဒဏ်များ

၈။ မည်သူမဆို ပုဒ်မ ၅ သို့မဟုတ် ပုဒ်မ ၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။
၉။ မည်သည့်ခွင့်ပြုချက်ရရှိသူမဆို ပုဒ်မ ၇ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။
၁၀။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်သူ သို့မဟုတ် အားပေးကူညီသူအား ယင်းပြစ်မှုကို ကျူးလွန်သူဖြစ်ဘိသကဲ့သို့ ပြစ်ဒဏ်ချမှတ်ရမည့်ပြင် ပြစ်မှုကျူးလွန်ရာ၌ အကျုံးဝင်သော သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

အခန်း(၆)
အထွေထွေ

၁၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပို့ကုန် သွင်းကုန်ဆိုင်ရာ မူဝါဒများကိုချမှတ်ရမည်။ ယင်းမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ပို့ကုန် သွင်းကုန်ဆိုင်ရာ ကိစ္စရပ်များ ချောမွေ့လွယ်ကူစေရန် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီး အဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက် နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က ပေါင်းစပ်ညှိနှိုင်းပေးရမည်။
၁၂။ ဤဥပဒေအရ အရေးယူအပြစ်ပေးမှုသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေအရ အရေးယူမှုအား ပိတ်ပင်ခြင်းမရှိစေရ။
၁၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-
(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။
၁၄။ The Control of Imports and Exports(Temporary)Act,1947အရ ထုတ်ပြန်ခဲ့သော လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။
၁၅။ The Control of Imports and Exports (Temporary)Act, 1947 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အစ္စလာမ်မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အမြဲတမ်းကိုယ်စားလှယ်သံအမတ်ကြီးနှင့် အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၇

နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်အား နယူးယောက်မြို့ကုလသမဂ္ဂဌာနချုပ်၌လေ့လာသူအဖြစ် သတ်မှတ်ထားသောအစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အမြဲတမ်းကိုယ်စားလှယ်သံအမတ်ကြီး ယူဖွတ်ဂိုကေစင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သော ဖြစ်စဉ်များနှင့် ပတ်သက်၍ ပကတိအခြေအနေမှန်များကို သိရှိလေ့လာနိုင်ရန်အတွက် ၎င်းတို့၏ ကမ်းလှမ်းချက်အရ လက်ခံဖိတ်ကြားခြင်းဖြစ်ကြောင်းနှင့် ယင်းကိစ္စသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စဖြစ်ပြီး ဘာသာရေး ဖိနှိပ်ခွဲခြားမှု အခြေခံကြောင့် ဖြစ်ပွားခြင်းမဟုတ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ထိခိုက်ဆုံးရှုံးခဲ့သော အဖွဲ့အစည်းနှစ်ဖက်လုံးအတွက် နိုင်ငံတကာမှ မျှတစွာ ကူညီထောက်ပံ့မှုများကို လက်ခံသွားရန်အသင့်ရှိကြောင်းနှင့် ဘာသာရေး၊ လူမျိုးရေးအရ တစ်ဖက်သတ်အားပေးမှုမျိုးကို လက်ခံမည်မဟုတ်ကြောင်း ပွင့်လင်းစွာ ရှင်းလင်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်ဒေသခံပြည်သူများအတွက် အလှူငွေပေးအပ်

နေပြည်တော် စက်တင်ဘာ ၇

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့သဖြင့် ပြည်သူများလတ်တလောရပ်တည်နိုင်ရေးအတွက် အလှူငွေ၊ စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ လာရောက်လှူဒါန်းလျက်ရှိသည်။

စက်တင်ဘာ ၆ ရက်တွင် ဦးညွှန့်မောင်-ဒေါ်အေးအေးသန်း (မိသားစု) ကေတစ်ထောင် နေပြည်တော်က အလှူငွေကျပ်ငါးသောင်း လာရောက်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်တင်ဘာ ၇ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက် ပုလဲလမ်းနှင့်ဗိုလ်ချုပ်လမ်းထောင့်၌ သံတင်းရပ်ကွက်မှ အင်းစိန်သို့ ယာဉ်မောင်းဝေလွင် မောင်းနှင်လာသော ၅က/····၁၂ဘီးကား ဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ ၁၀ ပေပတ်လည် ဆိုက်ကားဂိတ်ကို ဝင်တိုက်မိစဉ်။ (၁၆၆)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်
(အဖိတ်နေ့)
၈-၉-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၈:၁၀ ၂၀၁၂ခုနှစ်(၁၉)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး အခြေခံပညာ (၁၅-၂၀ အဆင့်)(အမျိုးသား)
၈:၄၅ မူဟန်သွယ်သွယ်ဆိုကြမယ်

နေ့လယ်ပိုင်း

၁၁:၄၀ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၄:၁၅ **မနီတို့၏ ရွာနှင့်မြစ်**
၁၄:၃၀ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၁၄:၃၅ **စိမ်းလန်းသော ကမ္ဘာမြေဆီသို့**

ညပိုင်း

၄:၄၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၅:၁၀ ၂၀၁၂ ခုနှစ် (၁၉)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး အခြေခံပညာ(၁၅-၂၀အဆင့်) (အမျိုးသမီး)
၆:၀၀ ညနေခင်းသတင်း
၆:၁၅ မိုးလေဝသအခြေအနေ
၆:၂၀ မုတ်သုံလေဆုတ်ခွာခြင်းနှင့် မိုးနှောင်းကာလ မိုးလေဝသအခြေအနေများ
၈:၀၀ ပြည်တွင်းသတင်း
-နိုင်ငံတကာသတင်းများ
-မိုးလေဝသအခြေအနေ

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားကောင်းနေမည်

နေပြည်တော် စက်တင်ဘာ ၇

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ခရမ်းမြို့တွင် ၄ ဒသမ ၁၇ လက်မ၊ ပေါင်မြို့တွင် ၃ ဒသမ ၃၉ လက်မ၊ မော်လမြိုင်မြို့၊ ကျိုက်မရောမြို့နှင့် ကော့ကရိတ်မြို့တို့တွင် ၂ ဒသမ ၅၂ လက်မစီ၊ တောင်တွင်းကြီးမြို့တွင် ၁ ဒသမ ၈၂ လက်မနှင့် အောင်လံမြို့တွင် ၁ ဒသမ ၆၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားကောင်းနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

နိုင်ငံတကာသတင်းများ

ထိုင်းဝန်ကြီးချုပ်ရင်လပ် ဗလာဒီဗော့စတော့သို့ ထွက်ခွာ

ဗန်ကောက် စက်တင်ဘာ ၇

ထိုင်းဝန်ကြီးချုပ် ရင်လပ်ရှင်နာဝပ်သည် ရုရှားနိုင်ငံတွင်ကျင်းပမည့် အကြိမ် (၂၀)မြောက် အာရှပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် စက်တင်ဘာ ၇ ရက်က ဗန်ကောက်မြို့မှ ရုရှားနိုင်ငံ ဗလာဒီဗော့စတော့သို့ ထွက်ခွာသွားကြောင်း ထိုင်းနယူးအေဂျင်စီက ရေးသားဖော်ပြသည်။ အဆိုပါ အကြိမ်(၂၀)မြောက် အေပက်ထိပ်သီးအစည်းအဝေးသည် ရုရှားနိုင်ငံရပ်စကီးကျွန်း၌ စက်တင်ဘာ ၈ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းအစိုးရအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) နှင့် ပစိဖိတ်ဒေသတို့၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအပေါ် အလေးအနက်ထားပါကြောင်း ထိုင်းဝန်ကြီးချုပ် ရင်လပ်ရှင်နာဝပ်က ဗလာဒီဗော့စတော့သို့ မထွက်ခွာမီ သတင်းထောက်များအား ပြောကြားသည်။ **(အင်တာနက်)**

နေတိုးလောင်စာဆီတင်ယာဉ်ခြောက်စီးမီးရှို့ခံရ

ကဘူးလ် စက်တင်ဘာ ၇

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် တိုက်ခိုက်ခံရသည့်အတွက် အနည်းဆုံးအမေရိကန်ဦးဆောင်သည့် နေတိုးလောင်စာဆီတင်ယာဉ်ခြောက်စီး မီးလောင်ပျက်စီးသွားခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဝါဒက်ပြည်နယ်အတွင်း ကဘူးလ်-ကန်ဒါဟာလမ်းမကြီးပေါ်တွင် တာလီဘန်တို့က နေတိုးလောင်စာဆီတင်ယာဉ်များကို မီးရှို့ဖျက်ဆီးလိုက်ကြောင်း အာဖဂန်နစ္စတန်အရာရှိများက ပြောကြားသည်။

သို့ရာတွင် တာလီဘန်တို့က နေတိုးလောင်စာဆီတင်ယာဉ် ၁၇ စီး ပျက်စီးသွားပြီး ယာဉ်မောင်းနှင့် အစောင့် ၂၀ ခန့် သေဆုံးကြောင်း ပြောကြားသည်။ ထိခိုက်သေဆုံးမှု အသေးစိတ်ကိုမူ နေတိုး သို့မဟုတ် အာဖဂန်နစ္စတန်အရာရှိများက ထုတ်ပြန်ကြေညာခြင်းမပြုပေ။

အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း ဖာရာပြည်နယ်တွင် တာလီဘန်တို့က နေတိုးလောင်စာဆီယာဉ်တန်းကို စက်တင်ဘာ ၄ ရက်က မီးရှို့ဖျက်ဆီးခဲ့ရာ အနည်းဆုံး ၁၀ ဦးသေဆုံးသည်ဟု ဆို၏။ **(အင်တာနက်)**

ရောဂါကူးစက်မှုကြောင့် ကွန်ဂိုနိုင်ငံ၌ ၁၄ ဦးသေဆုံး

ကွန်ဂို စက်တင်ဘာ ၇

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ဩဂုတ်လလယ်မှစ၍ဖြစ်ပွားသည့် အီဘိုလာရောဂါမှာ ယခုအခါ သုံးဆပို၍ ကူးစက်ဖြစ်ပွားလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က ကြေညာသည်။

ကွန်ဂိုဒီမိုကရက်တစ်နိုင်ငံအရှေ့မြောက်ပိုင်းတွင် အီဘိုလာရောဂါဖြစ်ပွားသေဆုံးသူ ၁၄ ဦးရှိသွားပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က စက်တင်ဘာ ၅ ရက်တွင် ကြေညာသည်။ ထိုရောဂါကြောင့် အိုရီယင်းတေးပြည်နယ် အိုဆီရိုမြို့တွင် ပြီးခဲ့သည့်လက ပထမဆုံးသေဆုံးသည့်လူနာ တွေ့ရသည်။

အီဘိုလာရောဂါကာကွယ်တိုက်ဖျက်ရေးအတွက် ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံတွင် ယခုအခါ ဆေးကုသရေးအဖွဲ့ ဖွဲ့စည်းထားပြီဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အမေရိကန်သမ္မတ အိုဘားမား ဒုတိယသက်တမ်းအတွက်ပြိုင်ဆင်

နယူးယောက် စက်တင်ဘာ ၇

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် ဒုတိယသမ္မတ သက်တမ်းအတွက် ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်းအဖြစ် ရွေးကောက်ပွဲဝင်ရန် စက်တင်ဘာ ၆ ရက်ညက တရားဝင်လက်ခံလိုက်ပြီဖြစ်သည်။

အကောင်အထည်ဖော်မည်

သမ္မတအိုဘားမားက မိမိ၏ ပထမသက်တမ်းကာလအတွင်း နိုင်ငံကိုဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ကြောင်း မြောက်ကယ်ရိုလိုင်းနားပြည်နယ် ချာလော့တီမြို့ရှိ ဒီမိုကရက်တစ်အမျိုးသားညီလာခံခန်းမကြီး၌ ပြုလုပ်သော အစည်းအဝေးတွင် ပြောကြားလိုက်ခြင်းဖြစ်သည်။ သမ္မတအိုဘားမားသည် နိုဝင်ဘာလ သမ္မတရွေးကောက်ပွဲမတိုင်မီ နှစ်လပိုင်းအလိုတွင် ဒုတိယသမ္မတသက်တမ်းအတွက် ပြန်လည်ရွေးကောက်ပွဲဝင်ရန် လက်ခံလိုက်ခြင်းဖြစ်သည်။ လာမည့် သမ္မတသက်တမ်းလေးနှစ်တာကာလအတွင်း ထုတ်လုပ်ရေး၊ စွမ်းအင်၊ ပညာရေး၊ လုံခြုံရေးနှင့် လျှော့ငွေများဖြစ်တော်ရေးအပါအဝင် ရည်မှန်းချက်များကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်းလည်း သမ္မတ အိုဘားမားက ပြောကြားသည်။

အဆိုပါ ရည်မှန်းချက်များတွင် လာမည့် ၂၀၁၆ ခုနှစ် ကုန်ဆုံးချိန်၌ ထုတ်လုပ်မှုအလုပ်အကိုင်သစ် သန်း ၁၀၀ ဖန်တီးပေးရေး၊ ၂၀၁၄ ခုနှစ်တွင် ပို့ကုန်နှစ်ဆတိုးမြှင့်ရေး၊ ၂၀၂၀ ခုနှစ်တွင် ရေနံတင်သွင်းမှု ထက်ဝက်လျှော့ချသွားရေး၊ လာမည့် ဆယ်စုနှစ်အတွင်း လိုငွေပမာဏ အမေရိကန်ဒေါ်လာ ၄ ထရီလီယံကို လျှော့ချသွားရေးတို့လည်း ပါဝင်သည်။ **(အင်တာနက်)**

အမေရိကန်သမ္မတ ဘားရက်အိုဘားမား။

အင်ဒိုနီးရှား တောမီးကြောင့် စင်ကာပူနိုင်ငံ မီးခိုးများဖုံးလွှမ်း

စင်ကာပူ စက်တင်ဘာ ၇

အင်ဒိုနီးရှားတောမီးလောင်မှုမှ ထွက်ပေါ်လာသော မီးခိုးများသည် စင်ကာပူနိုင်ငံသို့ လွင့်ပျံ့လာလျက်ရှိရာ ယခုနှစ်အတွင်း မီးခိုးများ အဆိုးရွားဆုံးဖုံးလွှမ်းမှုပင်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ရေးရာ စင်ကာပူအရာရှိများက စက်တင်ဘာ ၇ ရက်၌ ပြောကြားသည်။

ကြိုးစားမည်

မီးခိုးများ လွင့်ပျံ့လာမှုကြောင့် စင်ကာပူနိုင်ငံပေါ်တွင် မီးခိုးဖုံးလွှမ်းမှု ၅၁ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ စင်ကာပူနိုင်ငံပေါ်တွင် စက်တင်ဘာ ၆ ရက်မှ စတင်ကာ မီးခိုးများဖုံးလွှမ်းမှုဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ မီးခိုးများ အမြန်ဆုံးကင်းရှင်းသွားရန် ကြိုးစားကြရမည်ဖြစ်ကြောင်း စင်ကာပူအရာရှိများက ပြောကြားသည်။

အဆိုပါမီးခိုးများမှာ အင်ဒိုနီးရှားနိုင်ငံ စူမတြာကျွန်း၌ ပြီးခဲ့သည့် သီတင်းပတ်က တောမီးများလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသော မီးခိုးများဖြစ်ကြောင်း၊ စူမတြာကျွန်းတောင်ပိုင်းတွင် တောမီးများလောင်ကျွမ်းရာမှ မီးခိုးများသည် လေတိုက်မှုကြောင့် စင်ကာပူနိုင်ငံပေါ်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ဖြစ်ပေါ်စေ

လေတိုက်နှုန်းမြင့်မားပါက အဆိုပါမီးခိုးများဖုံးလွှမ်းမှု လျော့ပါးသွားနိုင်ကြောင်း၊ သို့သော် လက်ရှိအခြေအနေအရ လာမည့်သီတင်းပတ်အထိ မီးခိုးများဖုံးလွှမ်းမှုအနေအထားရှိနိုင်ကြောင်း၊ အင်ဒိုနီးရှားတောမီးလောင်မှုသည် ဒေသတွင်း၌ နှစ်စဉ် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေလျက်ရှိကြောင်း စင်ကာပူနိုင်ငံသဘာဝပတ်ဝန်းကျင်ရေးရာအရာရှိများက ပြောကြားသည်။ **(ဆင်ဟွာ)**

တရုတ်နိုင်ငံတစ်ဝန်း ရထားလမ်းသစ် ၂၅ လမ်းဖောက်လုပ်မည်

ရှန်ဟိုင်း စက်တင်ဘာ ၇

နိုင်ငံ၏ စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် တရုတ်နိုင်ငံတစ်ဝန်းတွင် ရထားလမ်းသစ် ၂၅ လမ်းဖောက်လုပ်မည့်စီမံကိန်းကို တရုတ်အစိုးရက ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း စက်တင်ဘာ ၇ ရက်၌ တရုတ်အရာရှိများက ပြောကြားသည်။

အဆိုပါ ရထားလမ်းသစ်များဖောက်လုပ်ရေးစီမံကိန်းကို တရုတ်နိုင်ငံအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်က ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

၎င်းရထားလမ်းသစ် စီမံကိန်းအတွက် ငွေကြေးအမေရိကန် ဒေါ်လာ ၁၅၇ ဘီလီယံအကုန်အကျခံ သုံးစွဲမည်ဖြစ်သည်။ ယင်းရထားလမ်းသစ်များ စီမံကိန်းတွင် ရှန်ဟိုင်းမြို့၌ အမြန်ရထားလမ်းနှစ်လမ်းအပါအဝင် တရုတ်နိုင်ငံမြို့ကြီးပေါင်း ၁၈ မြို့တွင် ဖောက်လုပ်သွားမည်ဖြစ်သည်။ ရထားလမ်းသစ်များ **(အပေါ်ပုံ)** တိုးချဲ့ဖောက်လုပ်ခြင်းသည် တရုတ်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တည်ငြိမ်စွာဖြင့် ဆက်လက်တိုးတက်စေရန်ဖြစ်သည်။

တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ယခုနှစ် ဒုတိယလေးလတာကာလတွင် ၇ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ တရုတ်အစိုးရက ယခုနှစ်၌ တရုတ် တစ်နိုင်ငံလုံးတွင် စီးပွားရေး တိုးတက်မှု ၇ ဒသမ ၅ ရာခိုင်နှုန်းရရှိရန် မျှော်မှန်းထားသည်။

ထိုသို့ မျှော်မှန်းထားသော်လည်း တရုတ်နိုင်ငံစီးပွားရေးတိုးတက်မှုသည် ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်က ၉ ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သဖြင့် ယခုနှစ်၌ တိုးတက်မှုနှုန်းကျဆင်းသွားခဲ့ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

အငြင်းပွားကျွန်းစုအနီး တောင်ကိုရီးယားစစ်ရေးလေ့ကျင့်

ဆိုးလ် စက်တင်ဘာ ၇

တောင်ကိုရီးယား ကမ်းခြေစောင့်တပ်ဖွဲ့သည် ဂျပန်နှင့်အငြင်းပွားနေသော ကျွန်းစုအနီး စစ်ရေးလေ့ကျင့်မှု ပြုလုပ်လျက်ရှိကြောင်း စက်တင်ဘာ ၇ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ယင်းစစ်ရေးလေ့ကျင့်မှုသည် တောင်ကိုရီးယားနိုင်ငံက ဒေါက်ဒိုးကျွန်းဟုခေါ်ပြီး ဂျပန်က တာကေရှီးမားဟုခေါ်သည့် ကျွန်းအနီး၌ ပြုလုပ်နေကြခြင်းဖြစ်သည်။ ၎င်းစစ်ရေးလေ့ကျင့်မှုတွင် ကြည်းတပ်၊ ရေတပ်နှင့်လေတပ်တို့ ပါဝင်ကြောင်း တောင်ကိုရီးယားမီဒီယာများက ရေးသားဖော်ပြသည်။

တောင်ကိုရီးယားသမ္မတ အီမြောင်ဘတ်သည် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ၎င်းအငြင်းပွားကျွန်းစုသို့ သွားရောက်လည်ပတ်ခဲ့ပြီးနောက် နှစ်နိုင်ငံ တင်းမာမှုများ ဖြစ်ပေါ်ခဲ့သည်။

သမ္မတအီမြောင်ဘတ်သည် ဩဂုတ် ၁၀ ရက်က ၁၉၄၅ ခုနှစ်တွင် ဂျပန်တို့ထံမှ လွတ်မြောက်ခဲ့သည့် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ၎င်းအငြင်းပွားကျွန်းစုသို့ တောင်ကိုရီးယားသမ္မတအနေဖြင့် ပထမဆုံးအကြိမ် သွားရောက်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်၊ဘီဘီစီ)**

နိုင်ငံတကာသတင်းအတိုအထွာ

တရုတ်အနောက်တောင်ပိုင်း၌ ငလျင်လှုပ် ၅၀ ကျော်သေဆုံး၊ ၁၆၀ ကျော်ဒဏ်ရာရ

ပေကျင်း စက်တင်ဘာ ၇

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် စက်တင်ဘာ ၇ ရက်က ရစ်ချ်တာစကေး ၅ ဒသမ ၆ အဆင့် အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်မှုကြောင့် အနည်းဆုံး ၅၀ ကျော် သေဆုံးပြီး ၁၆၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(ဓါတ်ပုံ)**

အဆိုပါငလျင်သည် ယင်းနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၉ မိနစ်ခန့်က ယူနန်ပြည်နယ်နှင့် ကွေကျိုပြည်နယ်အစပ် မြေအောက် ၁၄ ကီလိုမီတာအနက်၌ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်း ဖြစ်ကြောင်း တရုတ်မြေငလျင်ဌာနက ပြောကြားသည်။

ပြိုကျပျက်စီး

သေဆုံးသူအားလုံးတို့မှာ ယူနန်ပြည်နယ် ကျိုလင်းစီရင်စုမှဖြစ်ပြီး ယင်းဒေသတွင် ငလျင်ဒဏ်ကို အဆိုးရွားဆုံးခံခဲ့ရကြောင်း ယူနန်ငလျင်ဌာနမှ ပြောရေးဆိုခွင့်ရှိသူ ကျောင်ဂျန်ဝီက ပြောကြားသည်။ ထို့အပြင် နေအိမ် ၂၀၀၀၀ ကျော် ပြိုကျပျက်စီးမှုကြောင့် လူထောင်ပေါင်းများစွာကို ကယ်ဆယ်ပေးခဲ့ရကြောင်း၊ ယင်းဒေသရှိ ငလျင်ဒဏ်ခံရသည့် ဒေသခံပြည်သူများကို ရွက်ဖျင်တဲများနှင့်စောင်များ ဝေငှပေးရန် ကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ပေးခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိများက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ရုံးအဆောက် အအုံများ လှုပ်ခါယိမ်းယိုင်မှုကြောင့် လူအများအပြားလမ်းများပေါ်သို့ အပြေးအလွှားထွက်လာခဲ့ကြောင်း ၎င်းအရာရှိများက ဆက်လက်ပြောကြားသည်။ **(ဆင်ဟွာ)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နော်ဝေနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်ပတ်သက်၍ ဆွေးနွေးပြောကြား

နေပြည်တော် စက်တင်ဘာ ၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E.Mrs. Katja Christina Nordgaard ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် သံအမတ်ကြီးက ဥပဒေပြုလွှတ်တော်များနှင့် အစိုးရအဖွဲ့၊ တရားရေးအဖွဲ့များကြားတွင် အခက်အခဲ တစ်စုံတစ်ရာရှိနေပါသလားဟု မေးမြန်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အခက်အခဲ တစ်စုံတစ်ရာ မရှိပါကြောင်း၊ ဒီမိုကရေစီစနစ် ကျင့်သုံးသောနိုင်ငံများတွင် တွေ့ကြုံလေ့ရှိတတ်သော သဘာဝအတိုင်းသာရှိပါကြောင်း၊ လွှတ်တော်များ၊ အစိုးရအဖွဲ့နှင့် ပြည်သူများ၏ဆန္ဒမှာလည်း ဒီမိုကရေစီလမ်းကြောင်းကို ဆက်လက်လျှောက်လှမ်းပြီး ရည်ရွယ်ချက်မှာလည်း တူညီမှုရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ သံအမတ်ကြီးက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်ပတ်သက်၍ မေးမြန်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်ပတ်သက်၍ အမျိုးမျိုးဝေဖန်ပြောဆိုနေကြသော်လည်း လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များ၊ စီးပွားရေးပညာရှင်များ၊ လုပ်ငန်းရှင်များ၊ ပြည်သူများ၏ အကြံဉာဏ်များဖြင့် စုစည်း၍ ရေးဆွဲလျက်ရှိပါကြောင်း၊ အခြားနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်နိုင်မည့် ဥပဒေတစ်ရပ်ဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့တွင်လည်း ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်ပတ်သက်၍ ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် သံအမတ်ကြီးက လွှတ်တော်စာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး **H.E. Mrs. Katja Christina Nordgaard** ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မူကြမ်းပြုစုထားရှိပြီးဖြစ်သည့် မေးခွန်းပုံစံကို မိမိတို့၏ လုပ်ငန်းအတွေ့အကြုံများနှင့်ပေါင်းစပ် နိုင်ငံတော်၏ မူဝါဒနှင့်ကိုက်ညီမည့် မေးခွန်းပုံစံဖြစ်မြောက်ရေး ဝိုင်းဝန်းဆွေးနွေးအကြံပြု

နေပြည်တော် စက်တင်ဘာ ၇

မြန်မာနိုင်ငံ၏ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ်တွင် ကောက်ယူတော့မည် ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရန်အတွက် ပြည်သူများကို မေးမြန်းရမည့် မေးခွန်းပုံစံသည် အလွန်အရေးကြီးကြောင်း၊ အဆိုပါ သန်းခေါင်စာရင်းမှ မိမိတို့ဘာတွေလိုချင်သည်ဆိုသည်ကို ယနေ့ဆွေးနွေးရမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နေရာလပ်မကျန်အောင်ကောက်မည်ဖြစ်သည့်အတွက် နိုင်ငံအတွင်းတွင် မှီတင်းနေထိုင်ကြသူအားလုံး၏ အချက်အလက်များကို ကောက်ယူနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စီမံကိန်းရေးဆွဲရေးစသည့် ကဏ္ဍစုံအတွက် မရှိမဖြစ်လိုအပ်သော အချက်အလက်များကို ဝိုင်းဝန်းဆွေးနွေးကြရန် လိုအပ်ပါကြောင်းဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ယမန်နေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် အချက်အလက်အသုံးပြုသူများ အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် အချက်အလက်အသုံးပြုသူများ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ညှိနှိုင်းဆောင်ရွက်

ထို့အပြင် သန်းခေါင်စာရင်းကောက်ယူရန်အတွက် သန်းခေါင်စာရင်းကော်မရှင်နှင့် သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း၊ စာရင်းကောက်လုပ်ငန်း၊ စာရင်းပြုစုခြင်းလုပ်ငန်းနှင့် ဆန်းစစ်ခြင်းနှင့် အစီရင်ခံစာပြုစုခြင်းလုပ်ငန်းဟူ၍ အဆင့်(၄)ဆင့်ခွဲပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းကြီး(၄)ရပ်ကို လုပ်ငန်းစဉ် (၁၂) ရပ်ဖြင့် ပိုင်းခြားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မေးခွန်းပုံစံပြုစုခြင်းလုပ်ငန်းသည် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းကြီးတွင် ပါဝင်သည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူသည့်အခါ စာရင်းကောက်ကွက်တစ်ကွက်ကို စာရင်းကောက်တစ်ဦး၊ စာရင်းကောက်ငါးဦးကို စာရင်းစစ်တစ်ဦးနှုန်းစီဖြင့် တစ်နိုင်ငံလုံးအတွက် စာရင်းစစ်ပေါင်း (၂၀၀၀၀)၊ စာရင်းကောက်ပေါင်း (၁၀၀၀၀၀) တို့ဖြင့် ကောက်ယူသွားမည်ဖြစ်ပြီး မူလတန်းပြဆရာမများကို စာရင်းကောက်များအဖြစ်ခန့်အပ်ပြီး အလယ်တန်းပြ ဆရာမများအား စာရင်းစစ်များအဖြစ် ခန့်အပ်တာဝန် ပေးသွားမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်း ဥပဒေသစ်ကိုလည်း ၁၉၇၂ ခုနှစ် သန်းခေါင်စာရင်းဥပဒေအပေါ် အခြေခံပြီး ရေးဆွဲပြုစုခဲ့ကြောင်း၊ နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ကိုက်ညီမှုရှိရန် UNFPA ကတစ်ဆင့် ကုလသမဂ္ဂ ဥပဒေရေးရာ အဖွဲ့အစည်းများသို့ ပေးပို့ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးကိုပေးပို့၍ သဘောထားမှတ်ချက်တောင်းခံခဲ့ကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အတည်ပြုချက်ရပါက နိုင်ငံတော်သမ္မတရုံးနှင့် လွှတ်တော်ဥပဒေကြမ်းကော်မတီကို ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းအဆင့်အလိုက် ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ရန်အတွက် UNFPA နှင့် ပူးပေါင်းပြီး အကြံပေးပုဂ္ဂိုလ်များနှင့် နည်းပညာဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူ ပြီးစီးသည့်အခါတွင် တိကျခိုင်မာသည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ၊ အညွှန်းကိန်းများကိုရရှိမည်ဖြစ်သည့်အတွက် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးစီမံကိန်းများအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရာတွင်အသုံးပြုမည့်မေးခွန်းပုံစံကို ပြည်သူ့အင်အားဦးစီးဌာနမှ ဘာသာရပ်ကျွမ်းကျင်သည့်အရာရှိများနှင့် UNFPA မှ အကြံပေးပုဂ္ဂိုလ်များ ဆွေးနွေးညှိနှိုင်းပြီး မူကြမ်းပြုစုထားရှိပြီးဖြစ်ကြောင်း၊ မေးခွန်းကို ကုလသမဂ္ဂက ထုတ်ဝေထားသည့် Principles and Recommendations for Population and housing censuses စာအုပ်ပါ အကြံပြုချက်များကို အခြေခံပြီး ပြုစုထားခြင်းဖြစ်ကြောင်း၊ မေးခွန်းပုံစံတွင် လူဦးရေနှင့်ပတ်သက်သည့် အခြေခံအကြောင်းအရာမေးခွန်းများ၊ ပညာရေးအကြောင်းအရာ၊ ပြောင်းရွှေ့နေထိုင်ခြင်းအကြောင်းအရာ၊ လုပ်သားအင်အားအကြောင်းအရာ၊ အသက်(၁၅)နှစ်နှင့်အထက် အိမ်ထောင်ကျဖူးသူ အမျိုးသမီးများ၏ ကလေးမွေးဖွားခြင်းအကြောင်းအရာ၊ တစ်နှစ်အတွင်း သေဆုံးခြင်းအကြောင်းအရာ၊ ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုအကြောင်းအရာနှင့် အိမ်အကြောင်းအရာမေးခွန်းများ ပါရှိသည်ကို အကြမ်းဖျင်း သိရကြောင်း၊ မူကြမ်း ပြုစုထားရှိပြီးဖြစ်သည့်မေးခွန်းပုံစံကို တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက မိမိတို့၏ လုပ်ငန်းအတွေ့အကြုံများနှင့်ပေါင်းစပ်ပြီး နိုင်ငံတော်၏ မူဝါဒနှင့်ကိုက်ညီမည့် မေးခွန်းပုံစံဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြရန်လည်း တိုက်တွန်းပြောကြားသည်။

ထို့နောက် UNFPA မှ သန်းခေါင်စာရင်း မေးခွန်းပုံစံအကြံပေးပုဂ္ဂိုလ် Mr. Gert Ake Ronnle Andersson က သန်းခေါင်စာရင်းမေးခွန်းပုံစံကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့်ကိုက်ညီမှုရှိစေရန် လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များကိုလည်းကောင်း၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးများက ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူနိုင်ရန်အတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ မူကြမ်းပြုစုထားသည့် သန်းခေါင်စာရင်း မေးခွန်းပုံစံနှင့်စပ်လျဉ်း၍လည်းကောင်းရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက မူကြမ်းပြုစုထားသည့် သန်းခေါင်စာရင်း မေးခွန်းပုံစံကို မိမိတို့၏ လုပ်ငန်းအတွေ့အကြုံများနှင့် ပေါင်းစပ်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး UNFPA မှ သန်းခေါင်စာရင်းဆိုင်ရာ နည်းပညာအကြံပေးပုဂ္ဂိုလ် Mr. Fredrick Otieno Okwquo က ဆွေးနွေးအကြံပြုတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြောကြားခဲ့သည်။

တက်ရောက်

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်ကျော်ဝင်းနှင့် ဦးဝင်းမြင့်၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း **မီးလောင်မှုသတင်း**

လမ်းမတော်မြို့နယ်မှ ဓာတ်ငွေ့အိုးအရောင်းဆိုင် မီးလောင်မှုဖြစ်ပွား

သတင်းနှင့်ဓာတ်ပုံ-တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရန်ကုန် စက်တင်ဘာ ၇

ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၄၀ ခန့်က လမ်းမတော်မြို့နယ် ကမ်းနားလမ်းနှင့် ၁လမ်းထောင့်ရှိ ဓာတ်ငွေ့အရောင်းဆိုင်မှဓာတ်ငွေ့များယိုစိမ့်မှုကြောင့် မီးလောင်မှု စတင်ဖြစ်ပွားခဲ့သည်။

ဓာတ်ငွေ့အိုးဆိုင်အတွင်းရှိ အလုံးပေါင်းများစွာထဲမှ အချို့ဓာတ်ငွေ့အိုးများယိုစိမ့်မှုဖြစ်ပေါ်ခဲ့ပြီး တစ်ဖက်အိမ်ရှိ မီးရှိရာသို့ကူးစက်၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မွန်းလွဲ ၁ နာရီ မိနစ် ၄၀ ခန့်တွင် စတင်လောင်ကျွမ်းခဲ့ပြီး သတင်းရလျှင်ရချင်းမီးသတ်ရုံးချုပ်နှင့် မြို့နယ်အသီးသီးမှ မီးသတ်ယာဉ်များ ရောက်ရှိလာကာ ငြိမ်းသတ်နိုင်မှုကြောင့် **(ယာပုံ)** မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မီးကိုထိန်းသိမ်းနိုင်ခဲ့သည်။ မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုမှာ ဓာတ်ငွေ့အိုးများ ပွင့်ထွက်ပြီးလောင်ကျွမ်းသည့်အတွက် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ခက်ခက်ခဲခဲ ငြိမ်းသတ်ခဲ့ရသည်။ ဓာတ်ငွေ့အိုးများ မပေါက်ကွဲနိုင်ရန်အတွက် ရေအားဖြင့် အကာအကွယ်ယူပြီး ဓာတ်ငွေ့အိုးများအား မီးသတ်ဝန်ထမ်းများနှင့် ရပ်ကွက်ပြည်သူများကစွန့်စွန့်စားစားမီးလွတ်ရာသို့ သယ်ထုတ်ခဲ့ရသည်။ မီးဟပ်မှုနှင့်ဓာတ်ငွေ့များမွှန်မှုကြောင့် မီးသတ်ရဲဘော်သုံးလေးဦး လဲကျခဲ့သည်ဟု မီးသတ်အရာရှိတစ်ဦးက မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။ ဆိုင်အတွင်း ဓာတ်ငွေ့အိုးအကြီးအသေး အလုံးပေါင်း ၁၆၅လုံးရှိခဲ့ရာမှ ၁၃၅ လုံး မီးလောင်ပျက်စီးခဲ့ပြီး အနီးကပ်ရှိသည့် အိမ်မှာလည်း လုံးဝမီးလောင်ကျွမ်းခဲ့သည်။

မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မီးသတ်ဦးစီးဌာနရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ရဲဗလကိုကိုလှိုင်နှင့် တာဝန်ရှိသူများ လာရောက်ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသည်။

မီးသတ်ဌာနချုပ်မှ ညွှန်ကြားရေးမှူး ရဲသူရိန်ကျော်သူရက မီးလောင်မှုနှင့် ပတ်သက်၍ "တကယ်တော့ အခုလိုလူနေရပ်ကွက်ထဲမှာ ဒါမျိုးတွေစုထားတာ အလွန်အန္တရာယ်ကြီးပါတယ်။ အချိန်မီထိန်းနိုင်ကြလို့သာ နို့မို့ဆို အများကြီးဒုက္ခရောက်နိုင်ပါတယ်။ နောက်ဒါမျိုးတွေ မဖြစ်ရအောင် ဆောင်ရွက်ဖို့လိုအပ်လာပါပြီ" ဟု မီဒီယာများအမေးကို ဖြေကြားခဲ့သည်။

ဝန်းကျင်နေ ဒေါ်ချိုဆိုသူက "ဂက်စ်အိုးတွေယူလာလိုက် သယ်သွားလိုက်နဲ့တော့တွေ့နေတာပဲ။ ဒါပေမယ့်ဒီလောက်အများကြီးလှောင်ထားလိမ့်မယ်လို့ မထင်မိဘူး။ တော်သေးတာပေ့ါ။နိုင်နိုင်နင်းနင်းငြိမ်းနိုင်ခဲ့လို့ အတော်ကြောက်ဖို့ကောင်းပါတယ်။ ရပ်ကွက်ထဲမှာ ဒီလောက်မရှိသင့်ဘူး"ဟု မြန်မာ့အလင်းသို့ ပြောပြခဲ့သည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

နိုင်ငံတော်ဒုတိယသမ္မတတစ်ဦး ရွေးချယ်ပြီး ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်(၁၃)ဦးကို ခန့်အပ်တာဝန်ပေးရန် သဘောတူဆုံးဖြတ်

နေပြည်တော် စက်တင်ဘာ ၇

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး(၁၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီ ၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံပြည်ထောင်စုလွှတ်တော်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊

ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် သဘောတူညီထားသည့် ပုဂ္ဂိုလ်များ ပြည်ထောင်စုလွှတ်တော်နာယက ရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်(၆၀၉)ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတက အဆိုပြုလာသော ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန်နှင့် ဦးသိန်းထိုက်အား ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်ကသဘောတူကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့လာသော ဦးအေးမြင့်ကြူ၊ ဗိုလ်ချုပ်ဇေယျာအောင်၊ ဒေါက်တာမြင့်အောင်၊ ဦးကျော်လွင်၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးမောင်မြင့်၊ ဒေါက်တာကိုကိုဦး၊ ဦးဌေးအောင်နှင့် ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်တို့အား ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် သဘောတူထားသည့် ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးအေးမြင့်ကြူ၊ ဦးဇေယျာအောင်၊ ဒေါက်တာမြင့်အောင်၊ ဦးကျော်လွင်၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးမောင်မြင့်၊ဒေါက်တာကိုကိုဦး၊ ဦးဌေးအောင်နှင့် ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသော ဦးသိန်းထိုက်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုတို့က ပြည်ထောင်စုလွှတ်တော်နာယက ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဌာနများအတွက် လိုအပ်သော ရန်ပုံငွေအား နိုင်ငံရပ်ခြားမှ ချေးငွေရယူဆောင်ရွက်ခွင့်ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းက ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်၏သဘောထားရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အတည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် စက်မှုဝန်ကြီးဌာန အမှတ်(၁) အထွေထွေအကြီးစား စက်မှုလုပ်ငန်း၏ ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများတွင် မြင်းခြံသံမဏိစက်ရုံနှင့် ပင်းပက်သံမဏိစက်ရုံတို့ကို ထည့်သွင်းပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းတွင် ဖြည့်စွက်ထည့်သွင်းခွင့်ပြုရန် ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ကော်မတီဝင် ဦးအောင်ကြည်ညွန့်က ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးမြည်မိုးက ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုလွှတ်တော်နာယက က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာပါ ပြင်ဆင်ချက်အတိုင်း လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲချက်များနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အပိုဒ်ခွဲငယ်များကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ သဘောတူအတည်ပြုချက်၊ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်များအတိုင်း ဥပဒေတစ်ရပ်လုံးနှင့် အပိုဒ်စဉ်များ ပြောင်းလဲခြင်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် စတုတ္ထပုံမှန် အစည်းအဝေးကာလအတွင်း လွှတ်တော်က အတည်ပြု၍ နိုင်ငံတော်သမ္မတလက်မှတ်ရေးထိုးထုတ်ပြန်ပြီးဖြစ်သည့် ဥပဒေကြမ်း(၅)ခု ရှိပါကြောင်း၊ ယင်းဥပဒေများမှာ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ ၁၉၉၅ ခုနှစ် အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ၊ နိုင်ငံခြားဆက်ဆံရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေတို့ဖြစ်ပါကြောင်း၊ ပို့ကုန်သွင်းကုန်ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရန် ပေးပို့ထားပြီးဖြစ်ပါကြောင်း၊ ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် အတည်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်ရန် ရှိပါကြောင်း၊ ထို့ပြင် လွှတ်တော်ဆိုင်ရာ လုပ်ငန်းများဖြစ်သည့် အဆို(၃)ရပ် ဆွေးနွေးအတည်ပြုခြင်း၊ ဖြည့်စွက်ရန်ပုံငွေတောင်းခံခြင်းနှင့်စပ်လျဉ်းသည့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ဆွေးနွေးအတည်ပြုခြင်း၊ နိုင်ငံတော်ဒုတိယသမ္မတ တစ်ဦး အသစ်ရွေးချယ်တင်မြှောက်ခြင်း၊ ပြည်ထောင်စုဝန်ကြီး(၁၁)ဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်တစ်ဦး စုစုပေါင်း ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်(၁၃)ဦးကို ခန့်အပ်တာဝန်ပေးရန် သဘောတူဆုံးဖြတ်ခြင်း၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့တင်ပြလာသည့် ဂျပန်နိုင်ငံ JICA ချေးငွေကိစ္စနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသို့ လုည့်ပတ်ရန်ပုံငွေအဖြစ် နိုင်ငံတော်ဘဏ်မှ ချေးငွေယူသုံးစွဲရန် ကိစ္စများကို သဘောတူဆုံးဖြတ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်းဖြင့် လွှတ်တော်သို့ အသိပေး ရှင်းလင်းတင်ပြသည်။

ယနေ့ အစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင် ရပ်နားပြီး ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာတတ်မြောက်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်နေ

အမျိုးသား အမျိုးသမီးငယ်များနှင့် သက်ကြီး သန်း ၉၀ ခန့် စာတတ်မြောက်လာခဲ့

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ သဝဏ်လွှာ

၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်

စာတတ်မြောက်ခြင်းသည် အမျိုးသားနှင့်အမျိုးသမီးများအား ကမ္ဘာလောကကြီးကို ပိုမိုနားလည်ပြီး မိမိဆန္ဒရည်မှန်းချက်များနှင့်ကိုက်ညီအောင် ပုံဖော်နိုင်စွမ်းရှိစေပါသည်။ စာတတ်မြောက်ခြင်းသည် လူတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာနှင့် ကြံ့ခိုင်ဖွံ့ဖြိုးသော လူ့အဖွဲ့အစည်းအတွက် အဓိကအရင်းအမြစ်လည်းဖြစ်ပါသည်။ နိုင်ငံတကာစာတတ်မြောက်ရေးနေ့သည် စာတတ်မြောက်ရေးလုပ်ငန်းများအား အင်တိုက်အားတိုက် ဆောင်ရွက်နေကြမှုများကို ဂုဏ်ပြုသည့်နေ့ဖြစ်သည်။

ယခုနှစ်နောက်ဆုံးဖြစ်သည့် ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ်ကာလအတွင်း စာတတ်မြောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် လျင်မြန်စွာဆောင်ရွက်ခဲ့ပါသည်။ကမ္ဘာတစ်ဝန်းတွင် လူတစ်ဦးတစ်ယောက်ချင်းအလိုက်၊ ရပ်ရွာအဖွဲ့အစည်းများအလိုက်၊ နိုင်ငံအလိုက်၊ ကလေးသူငယ်များ၊ လူငယ်နှင့်သက်ကြီးများအား အရေးအဖတ်တတ်ကျွမ်းအောင် ဆောင်ရွက်ပေးခြင်းအားဖြင့် ၎င်းတို့၏ဘဝကို ပြောင်းလဲပေးခဲ့ပါသည်။ အကျိုးဆက်အားဖြင့် အမျိုးသား အမျိုးသမီးငယ်များနှင့် သက်ကြီး သန်း ၉၀ ခန့် စာတတ်မြောက်လာခဲ့ပါသည်။

ကျွန်ုပ်တို့အနေဖြင့် နောက်ထပ်ဆောင်ရွက်ရန် များစွာရှိနေပါသေးသည်။ ယခုတိုင် ကမ္ဘာတစ်ဝန်းတွင် လူငယ်နှင့်လူကြီး ၇၇၅ သန်းခန့်မှာ အရေး အဖတ်မတတ်ကြသေးပါ။ မူလတန်းအရွယ်နှင့် အလယ်တန်းအရွယ်ကလေး ၁၂၂ သန်းတို့မှာလည်း ကျောင်းပြင်ပရောက်နေသည့်အပြင် ကျောင်းပြီးသော်လည်း ပြည့်စုံလုံလောက်သော စာတတ်မြောက်မှုစွမ်းရည်မရှိသူ သန်းပေါင်းများစွာရှိနေပါသေးသည်။ အဆိုပါ စာမတတ်သူများအနက် အမျိုးသမီးဦးရေ သုံးပုံနှစ်ပုံပါဝင်ပါသည်။ ဤသို့ အရေအတွက်များပြားလှသော စာမတတ်သူများ ဆက်လက်တည်ရှိနေခြင်းသည် ထောင်စုနှစ် ရည်မှန်းချက်များပြည့်မီရေးနှင့် ၂၁ ရာစုအတွက် လိုအပ်သောပညာတတ်လူ့အဖွဲ့အစည်းထူထောင်ရေးကို အဟန့်အတားဖြစ်စေပါသည်။

အခွင့်မသာသူများအားလုံး စာတတ်မြောက်ခြင်းတည်းဟူသော အခြေခံလူ့အခွင့်အရေးတစ်ရပ်ရရှိအောင် ပိုမိုမြန်ဆန်စွာဆောင်ရွက်ပေးရပါမည်။ ပညာရေးအတွက် ကမ္ဘာတစ်ဝန်းလုံးလှုပ်ရှားဆောင်ရွက်ရန် တွန်းအားများစွာလိုအပ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်အနေဖြင့် **ပညာရေးသည်ပထမ** လုပ်ငန်းသစ်တစ်ရပ်ကို ယခုလ နှောင်းပိုင်းတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဤလုပ်ငန်းတွင် ဦးစားပေးအစီအစဉ်သုံးရပ်ကို အဓိကထားဆောင်ရွက်မည်ဖြစ်ပါသည်။ ၎င်းတို့မှာ ကလေးများအားလုံးကျောင်းသို့ရောက်ရှိရေး၊ သင်ယူမှုအရည်အသွေးတိုးတက်အောင်ဆောင်ရွက်ရေး၊ ကမ္ဘာ့နိုင်ငံသားအဖြစ် ပြုစုပျိုးထောင်ပေးရေးတို့ ဖြစ်ကြပါသည်။ ဤလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ကြပါရန် ကမ္ဘာ့ခေါင်းဆောင်များနှင့် ပညာရေးလုပ်ငန်းဆောင်ရွက်နေသူများအားလုံးကို မေတ္တာရပ်ခံအပ်ပါသည်။ လူမှုအသိုင်းအဝိုင်း၏ အပယ်ခံဖြစ်သည့် အဆိုပါသန်းပေါင်းများစွာသော ကလေးများအား ဘေးဖယ်ထားခြင်းဖြင့် ဆုံးရှုံးရသောတန်ဖိုးသည် ပညာရေးအတွက် နိုင်ငံတကာချမှတ်ထားသည့် ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ရန် လိုအပ်သော ရန်ပုံငွေတန်ဖိုးထက် များစွာကြီးမားပါသည်။

သင်တို့၏ ကလေးများအတွက် ဘာလိုအပ်ပါသလဲဟု မည်သည့်မိဘကိုမဆို မေးကြည့်ပါ။ အစားအစာ၊ ဆေးဝါးနှင့် နေထိုင်စရာတို့ကို အဓိကလိုအပ်ချက်အဖြစ် စဉ်းစားလေ့ရှိသည့် စစ်ဖြစ်ပွားနေသောဒေသများနှင့် ဘေးအန္တရာယ်ကျရောက်နေသော ဒေသများတွင် ခိုလှုံနေရသော မိဘများပင်ဖြစ်စေကာမူ **ကလေးများအတွက် ပညာရေး** ဟူ၍ တူညီသောအဖြေကို ပေးကြမည်ဖြစ်ပါသည်။ မည်သည့်ကလေးတစ်ဦးကိုမဆို သင်ကြီးလာလျှင် ဘာဖြစ်ချင်ပါသလဲဟုမေးမြန်းပါက သူ၏အဖြေမှာလည်း ပညာရေးကိုသာ အခြေခံပါလိမ့်မည်။ ပညာရေးသည် မျှော်လင့်ချက် ဆန္ဒများကို ဖြည့်ဆည်းပေးသည့်လမ်းကြောင်းဖြစ်ပါသည်။

စာတတ်မြောက်သည့်ကမ္ဘာကြီးသည် ပိုမိုငြိမ်းချမ်းသော၊ ပိုမိုသဟဇာတဖြစ်၍ ကြံ့ခိုင်သော ကမ္ဘာကြီးဖြစ်သည်။ ဤနိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို အလေးထားလျက် စာတတ်မြောက်ရေးလုပ်ငန်းအစီအစဉ်များကို အတူတကွဆက်လက် ဆောင်ရွက်ရန် ကျွန်ုပ်တို့ သန္နိဋ္ဌာန်ချမှတ်ကြပါစို့။ ။

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် စက်တင်ဘာ ၇

ယနေ့နံနက် ၉ နာရီ ၅၃ မိနစ် ၁၀ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၆၅၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (SICHUAN - YUNNAN - GUIZHOU REGION , CHINA)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၆ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

စာပေထဲမှာ ရတနာ

❖ စာမတတ်သူ ဝိုင်းလို့ကူ
လူတိုင်းစာတတ်ရေး။
အားပေးဖေးမ သင်ပေးကြ
ဘဝမြင့်မားရေး။

❖ တစ်ယောက်မကျန် စာတတ်ရန်
အားမာန်ကိုမြှင့် အလင်းဖွင့်။
တင့်တယ်သစ်ဆန်း ဘဝလမ်း
ပန်းတိုင်း ရောင်စုံပွင့်။

❖ စာပေထဲမှာ ရတနာ
ရှာဖွေမှတ်သား လေ့လာထား။
အားမာန်တွေနိုး ပွားဉာဏ်တိုး
ကောင်းကျိုး တိုးဆင့်ပွား။

❖ တွေးခေါ်မြော်မြင် ဉာဏ်နှင့်ယှဉ်
ဆင်ခြင်နိုင်ဖို့ စာသင်စို့။
တို့ရွာလယ်ပိုင်း စာသင်ဝိုင်း
လူတိုင်းစာတတ်ဖို့။ ။

ရေနံ့ သာမောင်ကျော်ညွန့်

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ရွှေမြယာအိမ်ရာနေ ကိုပြည့်မောင်-မစမိုင်း (V.M.G) TELECOMS ကုမ္ပဏီမိသားစုတို့ ဩဂုတ် ၃၀ ရက် တစ်နေ့လုံးစာ အထူးအာဟာရကျွေးမွေးရန်နှင့် အိပ်ရာပစ္စည်းစုံ တစ်စုံတို့အတွက် ငွေကျပ် ၂၅၅၀၀၀ ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ် (၂၀၀၃-၂၀၁၂ ခုနှစ်)

(United Nations Literacy Decade)

မြန်မာနိုင်ငံစာတတ်မြောက်ရေးလုပ်ငန်း အကောင်အထည်ဖော်နိုင်ခဲ့မှုများ

ချောချောဟန်
(ပညာရေးသုတေသန)

၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင်ကျင်းပသော "ကုလသမဂ္ဂ အထွေထွေညီလာခံကြီး"(GENERAL ASSEMBLY OF THE UNITED NATIONS) က ဆုံးဖြတ်ချက် ၅၆/၁၁၆ ဖြင့် ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ဆယ်စုနှစ်ကို "ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ်" (A UNITED NATIONS LITERACY DECADE) အဖြစ် တညီတညွတ်တည်း ဆုံးဖြတ်ပြဋ္ဌာန်းပေးထားခြင်းဖြစ်ပေသည်။ သို့မှသာ လူတိုင်းအတွက်ပညာရေး (EDUCATION FOR ALL)အစီအစဉ်အရ လူတိုင်းစာတတ်မြောက်ရေးကဏ္ဍ (LITERACY FOR ALL) ရည်မှန်းချက်ကို မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ရာ၌ ထိရောက် အောင်မြင်အောင် ဆောင်ရွက်ကြရန် လိုအပ်သည့် အချက်ကို ဖြည့်စွမ်းနိုင်ပေမည်။

စာတတ်မြောက်ရေးနေ့၏ နောက်ခံသမိုင်းကိုလေ့လာပါက ၁၉၆၅ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် အစပြု၍ အီရန်နိုင်ငံ တီဟီရန်မြို့၌ 'ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက်' (A WORLD LITERACY CONGRESS) တစ်ရပ်ကို ၁၂ရက်တိုင်တိုင်ကျင်းပနိုင်ခဲ့ပါသည်။ထိုသို့စာတတ်မြောက်ရေးကွန်ဂရက်စတင်ကျင်းပခဲ့သည့် စက်တင်ဘာလ ၈ ရက်နေ့ကို အကြောင်းပြု၍ အထိမ်းအမှတ်အဖြစ် ၁၉၆၅ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ယူနက်စကို အဖွဲ့ချုပ်ကြီးက နှစ်စဉ်နှစ်တိုင်း ကျရောက်သည့် စက်တင်ဘာလ ၈ ရက်နေ့ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် အညီအညွတ် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ပါသည်။ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ၁၉၆၆ ခုနှစ်တွင် ပထမအကြိမ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် ကျင်းပဖြစ်ခဲ့ပါသည်။ သို့ဖြစ်၍ ၂၀၁၂ ခုနှစ်၌ကျင်းပမည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့သည် (၄၆)ကြိမ်မြောက်နေ့ ဖြစ်လာပါသည်။

ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ၁၉၉၀ ပြည့်နှစ်ကို 'နိုင်ငံတကာစာတတ်မြောက်ရေးနှစ်' အဖြစ် ထုတ်ပြန်ကြေညာပေးခဲ့သည်။ ထိုကဲ့သို့ အထူးနှစ် သတ်မှတ်ခြင်းဖြင့် ကမ္ဘာ့လူ့အဖွဲ့အစည်းတွင် စာတတ်မြောက်ရေးကို ပုဂ္ဂိုလ်ရေးတိုးတက်မှုနှင့် နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုများ၏ သော့ချက်အဖြစ် အားပေးမှုဖြစ်ခဲ့သည်။ ယူနက်စကိုအလိုအရ စာတတ်မြောက်သူသည် နေ့စဉ်ကြုံတွေ့ရသည့် လူမှုဘဝနှင့်ဆိုင်သော လိုရင်းတိုရင်းဖော်ပြချက်ကို ဖတ်နိုင်၊ရေးနိုင်၊ နားလည်နိုင်စွမ်း ရှိရမည်။ ကမ္ဘာ့အရပ်ရပ်ရှိ လူသားတို့၏ အခြေအနေကို ဆန်းစစ်နားလည်နိုင်စွမ်း ရှိရမည်။ စာတတ်မြောက်ရေးသည် ပြည်သူလူထု၏ စီးပွားရေးအဆင့်အတန်း၊ ကျန်းမာရေးပျော်ရွှင်ချမ်းသာမှုများကို တိုးတက်စေသည့် စွမ်းဆောင်ရည်များ ရယူပိုင်ဆိုင်စေသော နည်းလမ်းလည်းဖြစ်သည်။ ထို့ကြောင့် စာတတ်မြောက်ရေးဦးတည်ချက်တွင်အမျိုးသားစည်းလုံးညီညွတ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျား-မ အခွင့်အရေးပို၍ မျှတတန်းတူရေး၊ မိသားစုအစဉ်အလာစံချိန်စံညွှန်းကို လိုက်နာစောင့်ထိန်းရေး စသည့်ကဏ္ဍများကိုလည်း အကျိုးဖြစ်ထွန်းစေပါသည်။

ယနေ့ပညာခေတ် (Knowledge Age)တွင် ပညာ၏ အရင်းခံ အခြေခံသည် စာတတ်မြောက်မှုပင်ဖြစ်သည်။ ပညာကိုရယူရာ၌ စာတတ်မြောက်မှုကို အခြေခံ၍ ရယူသွားရန်ဖြစ်ပါသည်။ စာမတတ်မြောက်မှု (သို့မဟုတ်) အသိပညာ ဉာဏ်ခေါင်းပါးမှုသည် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်းစသည့် လူ့ဂုဏ်သိက္ခာ၊ လူ့ကိုယ်ရည်ကိုယ်သွေးများ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည်။ သို့ဖြစ်၍ လူ့ဂုဏ်သိက္ခာ၊ လူ့အရည်အသွေးများပြည့်ဝရေးအတွက် လိုအပ်သောပညာရေးမျိုး၊ လူတို့၏ ခံစားနိုင်ခွင့်ရရှိရေးလုပ်ငန်းသည်ကမ္ဘာတစ်ဝန်းရှိလူသားတိုင်းစာတတ်မြောက်ရေးလုပ်ငန်းကို ဝိုင်းဝန်းလုပ်ဆောင်ရပေမည်။ ၂၀၁၁ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထူးဆောင်းပါး 'စာတတ်မြောက်မှုဖြင့် အဆိုးသံသရာမှ ရုန်းထွက်စို့' ရေးသားသူ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဆရာကြီး ဦးသန်းဦး၏ အာဘော်ကို တစ်စိတ်တစ်ပိုင်းတင်ပြလိုပါသည်။ ၂၁ရာစု လူ့ကမ္ဘာတွင် မကောင်းဆိုးရွားမှု အနိဋ္ဌာရုံကြီးသုံးမျိုးမှာ (၁)မသိမှု (မတတ်မှု စာဖတ်စာရေးမတတ်မှု၊ မတွက်ချက်တတ်မှု)၊ (၂)ရောဂါဘယထူပြောမှု၊ (၃) ဆင်းရဲမွဲတေမှုတို့ ဖြစ်သည်။ ဤလူသားကမ္ဘာ၌ အဆိုပါ မကောင်းဆိုးရွားကြီးသုံးရပ်ကို မဖယ်ရှားနိုင်သေးသရွေ့ ကာလပတ်လုံး၌ ကျွန်ုပ်တို့ကမ္ဘာသည် အလှတရားတို့ဖြင့် ပြီးပြည့်စုံနိုင်မည် မဟုတ်ပါ။ ထိုသုံးရပ်သည် အဆိုးသံသရာကို ဖြစ်ပေါ်စေလျက်ရှိသည်ဟု ဖတ်ရှုခံစားရပါသည်။ လူသားတစ်ယောက်၏ အနိမ့်ဆုံးကျွမ်းကျင်မှုစွမ်းရည်သုံးရပ်မှာ စာဖတ်တတ်မှု၊ စာရေးတတ်မှုနှင့် တွက်ချက်တတ်မှုတို့အဖြစ် သတ်မှတ်လက်ခံထားပါသည်။ ထိုသို့ စာတတ်မြောက်မှုသည် လူ့အခြေခံကျွမ်းကျင်မှုစွမ်းရည်နှင့် ပြည့်စုံရေးအတွက် စာတတ်မြောက်ရေး (စာဖတ်၊ စာရေး၊ တွက်ချက်တတ်မှု)သက်သက် ရရှိရေးကိုသာ ဆောင်ရွက်ခြင်းမပြုဘဲ အကျိုးပြုစာတတ်မြောက်ရေးအဖြစ်သို့ရောက်အောင် ရည်မှန်းဆောင်ရွက်ရပါမည်။ ယနေ့အချိန်အခါတွင် လူသားတစ်ဦးအနေဖြင့် စာရေး၊ စာဖတ်၊ တွက်ချက်မှုသာမက ဘာသာစကားတတ်ကျွမ်းမှုနှင့် ကွန်ပျူတာကျွမ်းကျင်မှုကိုပါ ထည့်သွင်းသတ်မှတ်ရန် လိုအပ်လာပါပြီ။ လူသားတိုင်း အသက်ရှင်ရပ်တည်နိုင်ရေးအတွက် မိမိ၏ ကာယ၊ ဉာဏနှင့် ပညာအရင်းအမြစ်အခြေခံတို့ကိုပါ စိုက်ထုတ် လုပ်ကိုင်နေကြရပါသည်။

ယနေ့နှစ်ဆယ့်တစ်ရာစု ကမ္ဘာ့လူ့အဖွဲ့အစည်း၌ ၂၀၀၈ ခုနှစ် ကုလသမဂ္ဂ၏ ဆန်းစစ်ချက်များအရ လေ့လာရရှိသော စာရင်းအင်းအထောက်အထားများကိုကြည့်လျှင် သက်ကြီးစာမတတ်မှု (စာတတ်မြောက်ရေးဆိုင်ရာ အခြေခံကျွမ်းကျင်မှုများ အဖတ်၊ အရေး၊ အတွက်မရှိသူ) အသက် ၁၅ နှစ်အထက် သန်းပေါင်း ၇၇၆ သန်း ရှိနေဆဲပင်ဖြစ်သည်။ တစ်ကမ္ဘာလုံးတွင် နိုင်ငံအသီးသီးတို့က စာတတ်မြောက်ရေးကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း ကမ္ဘာ့လူဦးရေ သန်းပေါင်း ၇၀၀၀ အနက် ကမ္ဘာပေါ်ရှိ စာမတတ်သူပေါင်း ၇၉၃ သန်းရှိနေသေးသည်။ သက်ကြီး ငါးဦးအနက် တစ်ဦးသည် စာတတ်မြောက်ဖို့လိုသေးသည်။ ကလေးငယ်ပေါင်း ၇၅ သန်းမှာလည်း ကျောင်းမနေသေးသူနှင့် အများစုတို့မှာ ကျောင်းထွက်သွားရသူနှင့် ကျောင်းကိုပုံမှန်မတက်နိုင်သူကလေးများဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံ ၃၅ နိုင်ငံတွင် စာတတ်မြောက်မှုမှာ ၅၀ ရာခိုင်နှုန်းထက်နည်းနေပြီး လူ ၁၀ သန်းကျော်သည် စာမတတ်ဘဲရှိသေးကြောင်း၊ ကမ္ဘာ့စာမတတ်သူ ၈၅ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ကြသည်။ အဆိုပါ သက်ကြီးစာမတတ်သူ အများစုသည် ကျေးလက်တွင်နေကြသူများဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ထိုစာမတတ်သူ လူသားတို့အား စာတတ်မြောက်လာအောင် ကြိုးပမ်းကြရဦးမည့် အခြေအနေဖြစ်ပါသည်။

တစ်ချိန်တည်းမှာပင် ကလေးဦးရေ ၆၇ ဒသမ ၄ သန်းသည် စာသင်ကျောင်းများ၏ အပြင်ဘက်၌ ရှိနေပါသေးသည်။ ၎င်းကလေးများသည် စာသင်ကျောင်းတွင်းသို့ မရောက်လာသေးပေ။ ၎င်းကလေးများ စာသင်ကျောင်းများသို့ မရောက်လာကြပါက ကလေးစာမတတ်သူများအဖြစ်သို့ ရောက်သွားပြီး သက်ကြီး စာမတတ်သူများဘဝသို့ ကူးဝင်လာနိုင်ပါလိမ့်မည်မှာ စဉ်းစားရမည့်အချက်ပင် ဖြစ်သည်။ ဤနည်းအတိုင်း ဆက်လက်သွားပါက လာမည့် ၂၀၁၅ ခုနှစ်တွင် သက်ကြီးစာမတတ်သူဦးရေ (စာဖတ်၊ စာရေး မတတ်သူဦးရေ)သည် သန်းပေါင်း ၇၀၀ ကျော် ရှိနေပေလိမ့်မည်ဟူ၍ ခန့်မှန်းကြပါသည်။ စာတတ်မြောက်မှုသည် လူတိုင်းအတွက် ပညာရေး၏ ဗဟိုချက်မဖြစ်သည်။ လူမှုရေးနှင့်လူသားတို့၏ လူမှု စီးပွားရေးတိုးတက်ရေးအတွက် အားကောင်းသည့် နည်းလမ်းလည်းဖြစ်သည်။ စာတတ်မြောက်သောမိဘက မွေးဖွားလာသောကလေးသည် စာတတ်သူတစ်ဦးအဖြစ် ပညာရေးအခွင့်အလမ်းများ ဆက်လက်ရယူဖို့ စိတ်အားထက်သန်ကြသည်။ လူသားတစ်ဦးချင်းမှ အစပြုလျက် စာတတ်မြောက်ခြင်း၏ အကျိုးကျေးဇူးများကားများပြားလှသကဲ့သို့ စာမတတ်ခြင်း၏ ဆိုးကျိုးများကလည်း များပြားလှကြောင်း တွေ့ရှိရပါသည်။

ထို့ကြောင့် စာမတတ်မှုနှုန်းမြင့်မားလွန်းသော နိုင်ငံများသည် ဆင်းရဲမွဲတေမှု၌ အဆိုးရွားဆုံး(Severe Povery) နိုင်ငံများလည်းဖြစ်သည်။ စာတတ်မြောက်မှုနှင့် အမျိုးသမီးများအပေါ် မလိုတမာရှိမှု (Prejudice against women) မှာလည်း များစွာ အဆက်အစပ်ရှိသည်။ စာတတ်မြောက်သည့် လူ့အဖွဲ့အစည်း (တစ်မျိုးသားလုံးစာတတ်မြောက်သည့် လူ့အဖွဲ့အစည်း LITERACY SOCIETY) မျိုးရရှိအောင် အစွမ်းကုန်ဆောင်ရွက်သွားရမည်သာ ဖြစ်ပါသည်။ စာတတ်မြောက်ခြင်း၏ အကျိုးကျေးဇူးကြောင့် အမျိုးသမီးများ၏ မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှုနှင့် မိမိဘဝနှင့် အနာဂတ်ကို ထိန်းသိမ်းနိုင်မှုတို့ကို ပေးစွမ်းနိုင်ပါသည်။ အမျိုးသမီးများစာတတ်ခြင်းသည် အသက်မွေးဝမ်းကျောင်းမှုကို တိုးတက်မြင့်မားစေခြင်း၊ မိခင်နှင့် ကလေးကျန်းမာရေးအတွက် ပိုမိုဦးစီးဆောင်ရွက်နိုင်ခြင်းနှင့် မိန်းကလေးများ ပညာရရှိမှု အခွင့်အလမ်းပိုမိုရရှိလာခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ စာတတ်မြောက်ရေးသည် ဖွံ့ဖြိုးတိုးတက်မှုနှင့်ကြီးပွားချမ်းသာခြင်းအတွက် မရှိမဖြစ်လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ တစ်ကမ္ဘာလုံးတွင် နိုင်ငံအသီးသီးတို့က စာတတ်မြောက်ရေးကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိခဲ့သည်။ စာတတ်မြောက်ရေးလုပ်ငန်းကို ဆက်လက်အသက်သွင်းပုံဖော်မည့် လူတိုင်းအတွက် ပညာရေး (Education For All)နှင့် စပ်လျဉ်း၍ ထိုင်းနိုင်ငံ ဂျွန်တီယံကမ္ဘာ့ညီလာခံက ၂၀၀၀-၂၀၁၅ ခုနှစ်အထိ စီမံကိန်းကာလများ သတ်မှတ်ဆောင်ရွက်ခဲ့ကြပေသည်။

၁၉၉၄ ခုနှစ် စပိန်နိုင်ငံ လူတိုင်းအကျုံးဝင်ပညာရေး (Inclusive Education)ကို ဦးတည်၍ ဆာလာမန်ကာ ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ ကြေညာစာတမ်းကို အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့များမှ ကိုယ်စားလှယ် ၁၆၄ ဦး လက်မှတ်ရေးထိုးခဲ့သည်။ လူတိုင်းအတွက် ပညာရေးဆိုင်ရာ ဒါကာလုပ်ငန်းလမ်းညွှန်နှင့် ဆာလာမန်ကာကြေညာချက်တို့သည် လူတိုင်းအကျုံးဝင်ပညာရေး၏ အခြေခံဖြစ်ပါသည်။ လူတိုင်းပညာသင်ယူခွင့်ရရေးသည် လူ့အခွင့်အရေးတစ်ရပ်ဖြစ်၏။ နိုင်ငံတစ်နိုင်ငံ၏ ပညာရေးစနစ်သည် ယင်းနိုင်ငံ၏ ကလေးအားလုံး ပညာဆည်းပူးခွင့် အကျုံးဝင်အောင် ညှိနှိုင်းစီစဉ်ပေးရပါသည်။ လူတိုင်းအတွက် ပညာရေးဆိုင်ရာ မြန်မာနိုင်ငံ၏ ရည်မှန်းချက် (၆)ရပ် ချမှတ်ခဲ့သည်။ ကျောင်းပညာရေး (Formal Education)အတွက် (က) ၂၀၁၅ ခုနှစ်တွင် ကျောင်းနေအရွယ်ကလေးများအားလုံး အခမဲ့မသင်မနေရ အရည်အသွေးကောင်းမွန်သည့် အခြေခံပညာရေးကို ပြီးဆုံးအောင် သင်ယူခွင့်ရရှိရေးအတွက် သိသာထင်ရှားသည့် တိုးတက်အောင်မြင်မှုရရှိလာစေရန် သေချာအောင်ဆောင်ရွက်ရေး(ခ) ဆရာများ၊ ပညာရေးဝန်ထမ်းများနှင့်သင်ရိုး ညွှန်းတမ်းတို့ပါဝင်သည့် အရည်အသွေးကောင်းမွန်သော အခြေခံပညာရေးထောင့်စုံ၊ ဘက်စုံတိုးတက်လာစေရေး၊ (ဂ)ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးမှုပြုစုပျိုးထောင်ရေး၊ ၎င်းနှင့်ဆိုင်သော ပညာရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့လုပ်ဆောင်ရေးနှင့်ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေးနှင့် (စ)ပညာရေးစီမံခန့်ခွဲမှု ခိုင်မာတောင့်တင်းရေးတို့ဖြစ်ပါသည်။

ထို့ပြင် ပညာရေးနယ်ပယ်တွင် ပညာရယူနည်းသုံးသွယ်ရှိပါသည်။ ယင်းတို့မှာ-

(၁) ကျောင်းတွင်းပညာရေး (Formal Education)
(၂) ကျောင်းပြင်ပပညာရေး (Non-Formal Education)
(၃) ကိုယ်တိုင်သတ်မှတ်သင်ယူပညာရေး (Informal Education)

တို့ဖြစ်ကြသည်။

(၁) ကျောင်းတွင်းပညာရေး-စာသင်ကျောင်း၊ သိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်တစ်ခုခုတွင် အသက်အရွယ်၊ နေရာ၊ သင်ရိုးညွှန်းတမ်း၊ စာမေးပွဲ၊ အောင်လက်မှတ်စသည်တို့ဖြင့် သတ်မှတ်ကန့်သတ်ထားသောပညာရေးအစီအစဉ်(အချိန်၊ နေရာ၊ သင်ရိုး၊ စာမေးပွဲစနစ်၊ ရှေ့ဆက်ပညာရေးအစီအစဉ်တို့ဖြင့် တင်းတင်းကျပ်ကျပ် စနစ်တကျဆောင်ရွက်သည့် ပညာရေးပုံစံမျိုး) ဖြစ်သည်။ ယနေ့ အချိန်အခါသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီနိုင်ငံသစ်သို့ စတင်ထူထောင်လျက်ရှိပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့်ကျန်းမာရေး စသဖြင့် ကဏ္ဍပေါင်းစုံမှ ပြုပြင်ပြောင်းလဲဖြည့်စွက်တည်ဆောက် ဖော်ဆောင်နေချိန်ဖြစ်သည်။ အစိုးရသစ်၏ များစွာသောလုပ်ငန်းစဉ်များအနက် ပညာရေး နယ်ပယ်တွင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင်၍ အခမဲ့မသင် မနေရ မူလတန်းပညာရေးစနစ်ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကျောင်းသုံးဖတ်စာအုပ်များကို မူလတန်းအဆင့်များသို့ အခမဲ့ ထုတ်ပေးခဲ့ပါသည်။

ပညာရေး အဟောသိကံဖြစ်မှု လျော့နည်းရေး၊ ကျေးလက်ဒေသမှ အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူကျောင်းသားအားလုံး အဆင့်မြင့်ပညာ ဆည်းပူးနိုင်ရေးလုပ်ငန်းစဉ်များလည်းပါဝင်သည်။ ကျောင်းတွင်း ပညာအရပညာသင်ဆုများချီးမြှင့်ခြင်း၊ ပညာသင် ထောက်ပံ့ကြေးများပေးအပ်ခြင်းကို နောင်လာမည့် ပညာသင်နှစ်မှစတင်ဆောင်ရွက်သွားမည်။ နိုင်ငံအတွင်းအသိပညာရှင် အတတ်ပညာရှင်များပေါ်ထွန်းလာစေရေးအတွက် အခြေခံပညာအဆင့်တွင် ကျောင်းတက်နှုန်းမြင့်မားလာစေရေးမှ စတင်ရမည် ဖြစ်ပါသည်။ အင်္ဂလိပ်စာအရည်အသွေး ကောင်းမွန်အောင် ပြင်ပအင်္ဂလိပ်စာ ပတ်ဝန်းကျင်တွင်ပါ လေ့လာသင်ယူနိုင်ရေးလမ်းညွှန်ပြသပေးရန်နှင့် ကျောင်းသား ကျောင်းသူအချင်းချင်းဆွေးနွေးခြင်း၊ စာကြည့်တိုက်နှင့်အင်တာနက် အသုံးပြုခြင်းစသော နည်းလမ်းများဖြင့် ကိုယ်တိုင်လေ့လာသင်ယူမှု (Active Learning) ဖွံ့ဖြိုးလာစေရန် ပြောင်းလဲကျင့်သုံးသွားမည်ဖြစ်ပါသည်။ အလားတူ မြန်မာ့ယဉ်ကျေးမှု၊ ဂါရဝတရား၊ မြန်မာ့လူ့အဖွဲ့အစည်း၏ ယဉ်ကျေးသော လူနေမှုပုံစံများ ပျောက်ပျက်မသွားစေရေးအတွက် စာရိတ္တပညာရပ်၊ ပြည်သူ့နီတိ ပညာရပ်များကိုလည်း စာသင်ချိန်များတွင် အလေးထား သင်ကြားပေးရန် လိုအပ်ပါသည်။

ကျောင်းများတွင် လိုအပ်သော သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပိုမိုကောင်းမွန်သည့် ပညာရည်စစ်ဆေးမှုစနစ်များကို ပြောင်းလဲကျင့်သုံးနိုင်ရေးနှင့် ဆရာများ၏အရည်အသွေး မြင့်မားလာရန်နှင့် ကျောင်းသား ကျောင်းသူများအား ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းသည် ပညာသင်ကြားရေးလုပ်ငန်းများတွင် အထောက်အကူပြုနိုင်သည်တို့ကို လုပ်ဆောင်ပေးနေပါသည်။ ကျောင်းများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကျောင်းများဖြစ်လာစေရန်အတွက် သစ်ပင်စိုက်ပျိုးခြင်း၊ အမှိုက်များစနစ်တကျစွန့်ပစ်ခြင်းနှင့် ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ခြင်းစသည့် ကောင်းသောအမူအကျင့်များ စွဲမြဲသွားရန်သင်ကြားနေပါသည်။

(၂) ကျောင်းပြင်ပ ပညာရေး-ပညာလိုလားသူများ၏ လိုအပ်ချက်နှင့်အညီ ကျောင်းစနစ်ပြင်ပတွင် နည်းလမ်းတကျဆောင်ရွက်ပေးသော ပညာရေးအစီအစဉ်ဖြစ်သည်။ အားလုံးအတွက် ပညာရေးဆိုင်ရာ မြန်မာနိုင်ငံ၏ ရည်မှန်းချက်များအနက် ကျောင်းပြင်ပ ပညာရေးအတွက် အဓိကဦးတည်ချက် (၂)ရပ်မှာ -(ဂ)၂၀၀၅ ခုနှစ်တွင် လူတိုင်းအတွက် ပညာရေးလုပ်ငန်းအခြေပြုစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးအဆင့်အားလုံး သိသာထင်ရှားစွာ တိုးတက်အောင်မြင်လာရေး။ (ဃ)ကျောင်းပြင်ပပညာရေး၊ ဘဝတွက်တာကျွမ်းကျင်မှုနှင့် ကာကွယ်တားဆီးမှု ပညာရေးအစီအစဉ်များမှတစ်ဆင့် လူရွယ်များနှင့်သက်ကြီးများ၏ သင်ယူမှုလိုအပ်ချက်များ ရရှိလာစေရန် သေချာအောင်ဆောင်ရွက်ရေးတို့ဖြစ်ပါသည်။ ၂၀၀၃ ခုနှစ်နှင့် ၂၀၀၄ ခုနှစ် နယ်စပ်ဒေသ နွေရာသီ "အ" သုံးလုံးလုပ်ငန်းအစီအစဉ်ကို ဆောင်ရွက်ခဲ့သည်။ ကျောင်းစနစ်ပြင်ပရောက်ပုဂ္ဂိုလ်များအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းသာမက ဝင်ငွေတိုးအစီအစဉ် (Better Life Programme)တို့ ပါဝင်သည့် စဉ်ဆက်ပညာရေး (continuing Education) အား ရပ်ရွာပဒေသာဌာနများမှတစ်ဆင့် သင်ယူနိုင်ကြသည်။

၂၀၁၁ ခုနှစ် နွေရာသီတွင် ပညာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် စာတတ်မြောက်ရေးစီမံချက်များ ရေးဆွဲတင်ပြပြီး ဆောင်ရွက်ခဲ့ပါသည်။ အခြေခံစာတတ်မြောက်ရေးပြီးဆုံးသူများအတွက် ရပ်ရွာပညာပဒေသာဌာနများမှတစ်ဆင့် စဉ်ဆက်မပြတ်ပညာရေးကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပညာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းပြီး အကြောင်းအမျိုးမျိုးကြောင့် ကျောင်းလုံးဝမနေဖူးသေးသူ၊ ကျောင်းနေခဲ့သော်လည်း မူလတန်းအဆင့်မပြီးမြောက်မီ ကျောင်းထွက်ခဲ့သူ၊ အသက် ၁၀ နှစ်မှ ၁၄ နှစ်အရွယ်ရှိကလေးများအား ဒုတိယအကြိမ်ပညာရေးအခွင့်အလမ်း ထပ်မံဖြည့်ဆည်းပေးရေးနှင့် ထိုသို့ဖြည့်ဆည်းပေးပြီးသည့်ကလေးများအား အလယ်တန်းအဆင့်သို့ ကူးပြောင်း ပညာသင်ယူခွင့်ရရှိရေးဟူသော ရည်ရွယ်ချက်နှစ်ရပ်ဖြင့် ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်ကို ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ပညာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် မြို့နယ် ၂၃ မြို့နယ်နှင့် ပြည်တွင်းအလှူရှင်အဖွဲ့များ ပူးပေါင်းဆောင်ရွက်သည့် မြို့နယ်၁၇မြို့နယ်ရှိရာ စုစုပေါင်း မြို့နယ်၄၀ ဖွင့်လှစ်ထားပြီးဖြစ်သည်။ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် မြို့နယ်ငါးမြို့နယ်၊ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် မြို့နယ် ၁၂ မြို့နယ်နှင့် ၂၀၁၀-၂၀၁၁ တွင် မြို့နယ် ၂၀ တိုးချဲ့ခဲ့သည်။ ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်ပေါင်း သုံးရာကျော်အနက် ၇၇ မြို့နယ်တွင် အကောင်အထည်ဖော်ပြီး ဖြစ်သည်။

(၃) ကိုယ်တိုင်သတ်မှတ်သင်ယူပညာရေး ဆိုသည်မှာ မိမိကိုယ်တိုင် မသိမသာ ပညာရရှိလာအောင် ကြံဆောင်သည့် နည်းလမ်းဖြစ်သည်။ သင်ကြားပေးသည့် ဆရာမရှိ၊ မြင်ဆရာ၊ ကြားဆရာများဖြစ်သော ရေဒီယို၊ တီဗွီ၊ ဗွီစီဒီ၊ အင်တာနက်၊ ဝက်ဘ်ဆိုက်တို့မှ မိမိဘာသာ ပညာရယူခြင်းဖြစ်သည်။ သင်ယူမှုအစီအစဉ်များကို ကိုယ်တိုင်ရေးဆွဲသင်ယူသည်။ မိမိစိတ်ဝင်စားသည်ကို မိမိကိုယ်တိုင် စီမံခန့်ခွဲသင်ယူရသည်က ထိရောက်ပါသည်။ လူတိုင်းအတွက် အထိရောက်ဆုံးနှင့် အလိုအပ်ဆုံးပညာရယူနည်းလမ်းလည်းဖြစ်သည်။ တိုင်းပြည်၏ ၇၀ ရာခိုင်နှုန်းသော နိုင်ငံသားများက စာပေဗဟုသုတ၊ ဉာဏ်ပညာမြင့်မားမှသာလျှင် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ကူးပြောင်းရာတွင် လျင်မြန်သွက်လက်ပြီး အရှိန်အဟုန်မြင့်မားလာပါလိမ့်မည်။ တစ်နည်းအားဖြင့် မိမိကိုယ်ကို ယုံကြည်မှုရှိ၊ အကောင်းအဆိုး ဝေဖန်ပိုင်းခြားသိရှိနိုင်ရန်အတွက် စာအုပ်စာပေများကို ဖတ်ရှုလေ့လာရပါမည်။ ထိုအတွက် ပြန်ကြားရေးဝန်ကြီးဌာနက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၅၇၅၅ဖွင့်လှစ်ပြီး မြန်မာနိုင်ငံအနှံ့အပြားတွင် စာဖတ်ရှိန်မြှင့်တင်ပေးလျက်ရှိပေသည်။ ဤပညာရယူနည်းများ (Modes of Education) သုံးမျိုးလုံးသည် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းဖန်တီးတည်ဆောက်ရာတွင် အလွန်အရေးကြီးပါသည်။ အစဉ်သင်ယူနေသော လူ့အဖွဲ့အစည်းဆိုသည်မှာ လူ့အဖွဲ့အစည်းဝင်တိုင်း၊ မိမိကြုံတွေ့နေရသော အခြေအနေတိုင်းမှာ အသိပညာနှင့် ကျွမ်းကျင်မှုများကို အတွေ့အကြုံသစ်များအရ တည်ဆောက်ယူရခြင်းမျိုးဖြစ်သည်။

နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံ စာတတ်မြောက်ရေးလုပ်ငန်းကို အားလုံးအတွက် ပညာရေးကဏ္ဍက ဆက်လက်အကောင်အထည်ဖော်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ကျောင်းပြင်ပမူလတန်းပညာရေးကို ဆတက်တိုး၍ အကောင်အထည်ဖော်နိုင်ပါက သက်ငယ်စာတတ်မြောက်သူများ တိုးပွားလာမည့်အစီအစဉ်လည်းဖြစ်ပါသည်။ လူတစ်ဦးချင်းက အစပြုလျက် စာတတ်မြောက်မှုသာလျှင် အတွေးအခေါ်သစ်များနှင့် မှန်ကန်သော သဘောထားများ ပိုမိုရင့်သန်လာစေရန်၊ ရပ်ရွာလူမှုရေးလုပ်ငန်းများတွင် ပိုမိုတက်ကြွစွာပါဝင်လာစေရန်၊ ကုန်ထုတ်လုပ်ငန်းများနှင့် လူမှုရေးအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်နှင့် နိုင်ငံစီးပွားရေး၊ လူမှုရေးလုပ်ငန်းများတွင် အထောက်အပံ့ဖြစ်စေရန်စသော ရည်မှန်းချက်ထားရှိ ဆောင်ရွက်ခဲ့ကြသည်ကို လေ့လာသိရှိရပါသည်။

မြန်မာနိုင်ငံသားတိုင်း စာတတ်မြောက်သူ၊ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်သူအဖြစ်မှ နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဆက်လက်သယ်ပိုးဆောင်ရွက်နိုင်မည်သာ ဖြစ်ပါသည်။ ထို့ကြောင့် နှစ်စဉ် စက်တင်ဘာလ ၈ ရက်နေ့ ရောက်တိုင်း နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ကို ကျင်းပလာခဲ့သည်မှာလည်း ကမ္ဘာ့တစ်ခွင်လုံးတွင် စာမတတ်သူများလျော့နည်းပြီး စာတတ်မြောက်မှုကို မြှင့်တင်နိုင်မည်ဖြစ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးက ချမှတ်သတ်မှတ်ပေးထားသော "ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ်" ကာလ(၂၀၀၃-၂၀၁၂)ခုနှစ် အချိန်အခါသမယအတွင်း လူတိုင်းစာတတ်မြောက်ရေး၊ လူတိုင်းအရေးအနေဖြင့် နိုင်ငံအသီးသီးက မိမိတို့နိုင်ငံအလိုက် အမျိုးသားပညာရေးအစီအစဉ်အရ မိမိတို့တတ်စွမ်းသရွေ့ လက်လှမ်းမီအောင် လုပ်ဆောင်ခဲ့ကြရပေသည်။ ၂၀၁၂ခုနှစ် စာတတ်မြောက်ရေးဆောင်ပုဒ်အဖြစ် **"စာတတ်မြောက်ရေးနေ့နှင့်ငြိမ်းချမ်းရေး"** (The Theme for the 2012 International Literacy Day is "Literacy and Peace)ဟူ၍ သတ်မှတ်ပေးထားသည်ကို အလေးအနက်ဂုဏ်ပြုကြိုဆိုလိုက်ရပါတော့သည်။ ။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

❖ ရှေ့ဖုံးမှ

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ သက်ဆိုင်ရာလူမျိုးစုများ၏ ကိုယ်စားလှယ်များဖြစ်သည်နှင့်အညီ မိမိတို့လူမျိုးစုများ၏ အရေးအရာကိစ္စများကို တာဝန်ယူဆောင်ရွက်ပေးရန် တာဝန်ရှိသူများ ဖြစ်ကြပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့် တန်းတူရည်တူဆက်ဆံနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဆုံးဖြတ်ပေးခဲ့သည့်အတိုင်း ဥပဒေရေးရာကိစ္စများကို ပြင်ဆင်ပေးနိုင်ရေး လိုအပ်သည့် အုပ်ချုပ်မှုကိစ္စအဝဝတို့ကို ဆောင်ရွက်ပေးနိုင်ရန် ယခုကဲ့သို့ ခေါ်ယူတွေ့ဆုံခြင်း ဖြစ်ပါကြောင်း။

တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအနေနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့နှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနိုင်မည့်အပြင် ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့နှင့်လည်း တိုက်ရိုက်ထိတွေ့ဆက်ဆံနိုင်အောင် သမ္မတရုံးတွင်ပြည်ထောင်စုဝန်ကြီးတစ်ဦးနှင့်အတူ ဝန်ကြီးဌာနတစ်ခုကိုလည်း ဖွင့်လှစ်ပေးထားပြီးဖြစ်၍ အထက်အောက်နှင့် ဘေးတိုက်ဆက်သွယ်ဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစုပေါင်း (၁၀၀)ကျော်ရှိပြီး အားလုံးသည် တိုင်းပြည်၏ နယ်နိမိတ်အဝန်းအဝိုင်းတစ်ခုတည်းအောက်တွင် အတူနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကို မောင်နှမများဖြစ်ကြသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို တန်းတူရည်တူရရှိကြရမည့်အပြင် တူညီသည့် တာဝန်များကိုလည်း အတူတကွ ထမ်းရွက်ကြရမှာဖြစ်ပါကြောင်း။

တူညီသည့် အဓိကတာဝန်မှာ ပြည်ထောင်စုကြီးအတွင်း ဥမကွဲသိုက်မပျက်အတူတကွ ပူးပေါင်းနေထိုင်ရေးနှင့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးဖြစ်ပါကြောင်း၊ ပြည်ထောင်စုကြီး မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အဓိကတာဝန်ကြီး (၃)ရပ်သည် နိုင်ငံသားတိုင်း ရာသက်ပန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည့် တူညီသောတာဝန်ဖြစ်ပါကြောင်း၊ ဤတာဝန်ကို မိမိတို့တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် လက်တွဲပူးပေါင်းထမ်းဆောင်သွားကြရမှာဖြစ်ကြောင်း။

နယ်စပ်ဒေသများသည် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေဆဲဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု အားနည်းနေသည့်အတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး စသည့် လုပ်ငန်းများကို ထိထိရောက်ရောက် မလုပ်နိုင်ခဲ့ခြင်းကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ဤသို့ဖြစ်ရခြင်းမှာ လူမျိုးစုတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပဋိပက္ခများကြောင့်ဖြစ်ကြောင်း၊ ယခုအခါ နှစ်ပေါင်းကြာရှည်ခဲ့ပြီဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းသွားအောင် မိမိတို့ အစိုးရအနေနှင့် ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများအနေဖြင့် မိမိတို့လူမျိုးစုများကို ဦးဆောင်ပြီး ပူးပေါင်းပါဝင် ကူညီလုပ်ဆောင်ပေးကြဖို့လိုကြောင်း။

နောက်တစ်ခုမှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကိစ္စဖြစ်ကြောင်း၊ ဘိန်းစိုက်ပျိုးမှု ပပျောက်အောင်၊ အခြားသော ဝင်ငွေရ အလုပ်အကိုင်များနှင့် အစားထိုးနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဆေးပြားများချက်လုပ်မှု၊ သယ်ဆောင်မှု၊ ရောင်းဝယ်မှုများကိုလည်း မြန်မာနိုင်ငံမူးယစ်ဗဟိုနှင့် အစွမ်းကုန်ပူးပေါင်းကူညီဆောင်ရွက်ပေးကြဖို့လိုကြောင်း။

နယ်စပ်ဒေသများ၌ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပထမဦးဆုံးလိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဖြစ်ကြောင်း၊ သို့မှသာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး စသည်များကို ထိထိရောက်ရောက်ကူညီပေးနိုင်မည်ဖြစ်ကြောင်း၊ ယခုအခါ ကိုယ့်ဒေသကိုယ် ဖွံ့ဖြိုးအောင် ဝန်ကြီးများကိုယ်တိုင်က တာဝန်ယူပြီး အပြိုင်အဆိုင်လုပ်ကြရမည်ဖြစ်ကြောင်း၊ လိုအပ်ချက်များကို အထက်က ဖြည့်ဆည်းပေးနိုင်သည်များ ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ မိမိတို့အစိုးရ၏ ရည်မှန်းချက်သည် ပြည်သူအများစု၏ ဆန္ဒဖြစ်သော တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် ပြည်တွင်းနိုင်ငံရေး တည်ငြိမ်အောင်၊ပြည်ပဖိအားတွေလျော့ပါးသွားအောင် စီးပွားရေးပိတ်ဆို့မှုများရုပ်သိမ်းပေးအောင်၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း၊ လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေးလုပ်ငန်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ပြည်ပအရင်းအနှီးများဖိတ်ခေါ်ပြီး မိမိတို့ပြည်သူများ အကျိုးရှိစေမည့် စက်မှုလုပ်ငန်းများ၊ စက်မှုဇုန်များထူထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း။

အစိုးရ၏ ရည်မှန်းချက်များအောင်မြင်အောင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများကလည်း မိမိတို့လူမျိုးစုများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားရေးရာဝန်ကြီးများက မိမိတို့တိုင်းရင်းသားလူမျိုးများအလိုက် တိုင်းရင်းသားရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးလှထွန်း၊ ဦးစိုးမောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးတို့က တိုင်းရင်းသားရေးရာဝန်ကြီးများဆိုင်ရာဥပဒေကို ပြင်ဆင်ရေးဆွဲဆောင်ရွက်နေမှုလစာ၊ အဆောင်အယောင်နှင့်ခံစားခွင့်များတိုးမြှင့်ပေးမည့် အခြေအနေနှင့်နယ်စပ်ဒေသများအပါအဝင် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တိုင်းရင်းသားရေးရာဝန်ကြီးများ ပါဝင်ဆောင်ရွက်နိုင်မှု အခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

သမ္မတရုံးဝန်ကြီး ဌာန ပြည်ထောင်စုဝန် ကြီး ဦး လှ ထွန်း ရှင်း လင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက တိုင်းရင်းသားများ၏ စာပေနှင့်ယဉ်ကျေးမှုကိစ္စနှင့်ပတ်သက်၍ မူလတန်းအဆင့်တွင် ကျောင်းချိန်ပြင်ပ၌ သင်ကြားပေးရန် ပညာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ထိုသို့သင်ကြားရာတွင် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်အောင် အလေးထားဂရုပြုသင့်ကြောင်း၊ လွတ်လွတ်လပ်လပ်သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ကျောင်းချိန်အတွင်း သင်ကြားရန်မှာမူ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော်ရှိသည့်အတွက် သင်ကြားပေးရန် အခက်အခဲရှိပါကြောင်း၊ သို့သော်လည်း ဒေသရှိတိုင်းရင်းသားများအနေဖြင့် ၄င်းတို့နှင့်သက်ဆိုင်သည့်စာပေကို သင်ကြားလိုသည်ဆိုပါက ဆောင်ရွက်နိုင်ရန် ကျောင်းရှိ ဆရာ ဆရာမများကို သင်ကြားပေးရန် ဆောင်ရွက်ပေးနေပါကြောင်း၊ သက်ဆိုင်ရာကျောင်းများအနေဖြင့် သင်ကြားပေးရန် အခက်အခဲရှိပါက သက်ဆိုင်ရာ စာပေနှင့်ယဉ်ကျေးမှုကော်မတီက ကူညီဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုနှင့်ပတ်သက်၍ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ယခင်နှစ်များက တိုင်းရင်းသားများပါဝင်ယှဉ်ပြိုင်ရသည်မှာ နည်းပါးပါကြောင်း၊ ယခုနှစ်မှစ၍ မြန်မာတိုင်းရင်းသားတို့၏ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မိမိနေထိုင်ရာ တိုင်းဒေသကြီး၊ မိမိနယ်ခံပြည်နယ်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် စီစဉ်ထားပါကြောင်း၊ ယင်းသို့ပါဝင်ယှဉ်ပြိုင်ပြီးနောက် ဆုရရှိသူများကို ပြည်နယ်အစီအစဉ်ဖြင့် ဆုပေးသွားမည်ဖြစ်ပါကြောင်း၊ တစ်ဖန် ဗဟိုတွင်ကျင်းပသည့် ပြိုင်ပွဲတွင်လည်း ပြည်နယ်၌ဆုရခဲ့သည့် အဖွဲ့များ၊ ပုဂ္ဂိုလ်များကိုထပ်မံဖိတ်ခေါ်၍ ဂုဏ်ပြုချီးမြှင့်ဆုပေးသွားမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားတို့၏ စာပေနှင့်ယဉ်ကျေးမှုအတွက် ပြည်ထောင်စုအစိုးရက စီစဉ်ဆောင်ရွက်ပေးမှုကို ရှင်းပြခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် တိုင်းရင်းသားရေးရာဝန်ကြီးများအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၏ အစည်းအဝေးများတွင် ဆွေးနွေးစရာရှိပါကတင်ပြ၍ အစည်းအဝေးသို့ တက်ရောက်နိုင်ပါကြောင်း၊ ထို့အတူ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့က တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းရန်ရှိသဖြင့် အစည်းအဝေးဖိတ်ကြားပါကလည်း တက်ရောက်ရမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် တစ်နှစ်လျှင်နှစ်ကြိမ် တွေ့ဆုံနိုင်အောင် ကြိုးစားမည်ဖြစ်ပါကြောင်း၊ အလားတူ တိုင်းရင်းသားရေးရာဝန်ကြီးများအားလုံးကို နှစ်စဉ်ကျင်းပသည့် ပြည်ထောင်စုနေ့အခမ်းအနားကြီးသို့ တက်ရောက်ရန် ဖိတ်ကြားမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးအသီးသီး၏ စာပေနှင့်ယဉ်ကျေးမှု၊ အနုပညာနှင့်ပတ်သက်၍ ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပါကြောင်း၊ တိုင်းရင်းသားစာပေများ သင်ကြားမှုနှင့်ပတ်သက်၍ အချို့နေရာများတွင် အခက်အခဲမရှိသော်လည်း အခက်အခဲရှိသောနေရာများလည်းရှိပါကြောင်း၊ ဥပမာအားဖြင့် ရှမ်းပြည်နယ်တွင် ရှမ်းစာပေအပြင် အခါ၊ ဓနု၊ လားဟူ၊ ဝ၊ လွယ်၊ ကော်စသည်ဖြင့် ကျန်တိုင်းရင်းသား လူမျိုးစုများ၏ စာပေများလည်းရှိနေကြောင်း၊ အစိုးရ၏ စီမံချက်တွင်ထည့်သွင်းဆောင်ရွက်မည်ဖြစ်သော်လည်း မိမိနည်းမိမိဟန်ဖြင့်လည်း တတ်နိုင်သရွေ့ဆောင်ရွက်ကြစေလိုကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ နေရာတော်တော်များများတွင် ပစ်ခတ်မှုများမရှိသလောက် အေးချမ်းသွားပြီဖြစ်ပါကြောင်း၊ သို့ဖြစ်၍ လုံခြုံမှုရှိလာပြီဟုဆိုရမည်ဖြစ်ပါကြောင်း၊ လုံခြုံမှုရှိလာသဖြင့် မိမိတို့အသက်မွေးဝမ်းကျောင်းအလုပ်များအား စိတ်ချလက်ချလုပ်ကိုင်နိုင်ပြီဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ကျန်သည့်အဖွဲ့များနှင့် အထိုက်အလျောက်အောင်မြင်မှုများရရှိနေပြီဖြစ်ပါကြောင်း၊ KIO/KIAနှင့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံတွင် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်အများစု အောင်မြင်မှုရပြီဟု ဆိုရမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း ရာနှုန်းပြည့်အောင်မြင်ရန်အတွက် အချိန်ယူ၍ ဆွေးနွေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဦးစွာအပစ်အခတ်ရပ်စဲရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အပစ်အခတ်ရပ်စဲပြီး နိုင်ငံရေးဆွေးနွေးမှုဆောင်ရွက်ရန်မှာမူ တစ်နေရာနှင့်တစ်နေရာ၊ လူမျိုးစုတစ်စုနှင့်တစ်စု၊ လက်နက်ကိုင်အဖွဲ့အစည်း တစ်ခုနှင့်တစ်ခု မတူညီကွဲပြားသောအချက်များရှိသဖြင့် အချိန်ယူဆွေးနွေးပြီး ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပြီးလျှင် နောက်ဆုံးအဆင့်အနေဖြင့် လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ကြမည်ဖြစ်ပါကြောင်း၊ လတ်တလောတွင် အဆင့်နှစ်ဆင့်ဖြင့် ဆောင်ရွက်နေပါကြောင်း၊ ပထမအဆင့်တွင် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ဖြစ်ပါကြောင်း၊ ထိုသို့ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ဆွေးနွေးရာတွင် တိုင်းရင်းသားရေးရာဝန်ကြီးများအပါအဝင် တိုင်းရင်းသားလူမျိုးအားလုံး ဝိုင်းဝန်းဆောင်ရွက်ပါက ပိုမိုအဆင်ပြေချောမွေ့မည်ဖြစ်ပါကြောင်း၊ ဝန်ကြီးများအနေဖြင့် မိမိတို့အစိုးရအဖွဲ့နှင့်အတူ လက်ရည်တစ်ပြင်တည်း လက်တွဲဆောင်ရွက်ကြရန်တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲကို ညနေ ၃ နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဒုတိယအကြိမ် အာဆီယံ-အမေရိကန် ထင်ပေါ်ကျော်ကြားသူများအုပ်စု အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၇

"ယခုအစည်းအဝေး၏အရေးပါမှုကို အသိအမှတ်ပြုကြကြောင်း၊ မိမိတို့အတွက် ကြီးမားသောအခွင့်အလမ်းဖြစ်သကဲ့သို့ လေးနက်သော တာဝန်ဝတ္တရားများ အပ်နှံခံရခြင်းလည်းဖြစ်ကြောင်း၊အမေရိကန်-အာဆီယံဆက်ဆံရေးတည်ဆောက်မှုလုပ်ငန်းစဉ်အပေါ် မိမိတို့၏ အကြံပြုချက်များသည် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ မိမိတို့၏ ကနဦးအစပျိုးထားသော အကြံပြုချက်များအပေါ်အခြေခံ၍ ပိုမိုထိရောက်ကောင်းမွန်ပြီး အရေးယူအကောင်အထည်ဖော်နိုင်စွမ်းရှိမည့် အကြံပြုချက်များဖြစ်ပေါ်လာအောင် ဆွေးနွေးကြစေလိုကြောင်း" ဖြင့် စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Parkroyal Hotel ၌ကျင်းပသည့် ဒုတိယအကြိမ် အာဆီယံ- အမေရိကန်ထင်ပေါ်ကျော်ကြားသူများအုပ်စုအစည်းအဝေး၌ ကိုကာကိုလာကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် မစ္စတာမော့်တာကန့်က ပြောကြားသည်။

အာဆီယံ-အမေရိကန် ထင်ပေါ်ကျော်ကြားသူများအုပ်စုကို အာဆီယံနှင့်အမေရိကန် ပြည်ထောင်စုတို့အကြား ဆက်ဆံရေးတွင် ဘက်ပေါင်းစုံမှတိုးမြှင့်ဆောင်ရွက်နိုင်ရေး အကြံပြုချက်များဖော်ထုတ်သွားရန် ၂၀၀၉ ခုနှစ်တွင် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပခဲ့သော အာဆီယံ-အမေရိကန် ပြည်ထောင်စုခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးက တာဝန်ပေးခဲ့သည်။

ပထမအကြိမ် အာဆီယံ-အမေရိကန် ပြည်ထောင်စု ထင်ပေါ်ကျော်ကြားသူများအုပ်စုအစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ယခုနှစ် မေလကကျင်းပခဲ့ပြီး အာဆီယံနှင့်အမေရိကန်ဆွေးနွေးဖက်ဆက်ဆံရေးအတွက် ညှိနှိုင်းမှုတာဝန်ကို မြန်မာနိုင်ငံမှ ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် တာဝန်ယူခဲ့ပြီးနောက် ယခုဒုတိယအကြိမ်အဖြစ် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတွင် အာဆီယံနှင့် အမေရိကန်နိုင်ငံတို့အကြား မိတ်ဖက်ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် အလားအလာများနှင့် စိန်ခေါ်မှုများအပေါ် သုံးသပ်ဆွေးနွေးကြသည့်အပြင် မိတ်ဖက်ဆက်ဆံရေးမြှင့်တင်နိုင်ရန်နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကဏ္ဍရပ်များ ထပ်မံရှာဖွေဖော်ထုတ်လျက် အာဆီယံခေါင်းဆောင်များထံအကြံပြုတင်ပြနိုင်ရန် ညှိနှိုင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ အာဆီယံနိုင်ငံများရှိ နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေး ကဏ္ဍအသီးသီးမှ အသိအမြင်နှင့် အတွေ့အကြုံကြွယ်ဝသူ ပုဂ္ဂိုလ်ကြီးများ၊ အမေရိကန်နိုင်ငံမှ ထင်ပေါ်ကျော်ကြားသူ ပုဂ္ဂိုလ်များအဖြစ် ကိုကာကိုလာကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် မစ္စတာမော့်တာကန့်နှင့် သံအမတ်ကြီး(ငြိမ်း) မစ္စတာ စတက်ပ်လေတန်ရှိုင်တို့ တက်ရောက်ကြသည်။

မြန်မာနိုင်ငံမှထင်ပေါ်ကျော်ကြားသူ သံအမတ်ကြီး(ငြိမ်း) ဦးလှမြင့်က ဒေသဆိုင်ရာနှင့် နိုင်ငံတကာရေးရာများကို ကိုင်တွယ်ဖြေရှင်းရာတွင် အာဆီယံနှင့် အမေရိကန်နိုင်ငံတို့၏ မဟာဗျူဟာကျသည့် ရေရှည်မိတ်ဖက်အစီအစဉ်များ ရေးဆွဲ၍ ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပမည့် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေး၌ အကြံပြုတင်ပြမည်ဖြစ်ကြောင်း၊ ပထမအကြိမ်အစည်းအဝေးတွင် ပျိုးထောင်လာခဲ့သည့် ပူးပေါင်းညှိနှိုင်းမှု စိတ်ဓာတ်ကောင်းများကို အခြေခံကာ မိမိတို့အား တာဝန်ပေးအပ်ချက်များနှင့်အညီအောင်မြင်စွာ အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား Parkroyal Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ဒုတိယအကြိမ် အာဆီယံ-အမေရိကန် ထင်ပေါ်ကျော်ကြားသူများ၏ အုပ်စုအစည်းအဝေး Hotel ၌ ကျင်းပစဉ်။

စက်မှုလယ်ယာစနစ်ကူးပြောင်းရေး ပြည်နယ်အဆင့်အလုပ်ရုံဆွေးနွေး

စစ်တွေ စက်တင်ဘာ ၇

လယ်ယာကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ်တွင် မိရိုးဖလာ သမားရိုးကျ လုပ်ကိုင်ဆောင်ရွက်နေသည့် လက်မှုလယ်ယာစနစ်အား စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေး ပြည်နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၃၀ ရက် နံနက် ၁၁ နာရီက ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က နိုင်ငံတော်၏ စီးပွားရေးအလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လယ်ယာကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်နယ်အတွင်း လက်ရှိဆောင်ရွက်နေသည့် လက်မှုလယ်ယာစနစ်အား စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးဆွေးနွေးပွဲတွင် တက်ရောက်လာသူများမှ အပြုသဘောဖြင့် ဝိုင်းဝန်းပါဝင်အကြံပြုဆွေးနွေးပေးကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးကျော်သိန်းက ပါဝင်ဆွေးနွေးပြီးနောက် ရခိုင်ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးဘိုဘိုမောင်က ပြည်နယ်အတွင်း လယ်ယာကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးဆောင်ရွက်သွားမည့် အစီအမံများ၊ ဦးစီးဌာနပံ့ပိုးဆောင်ရွက်ပေးနိုင်မည့်အခြေအနေနှင့် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက ပြည်နယ်အတွင်း စိုက်ပျိုးရေးထုတ်ကုန် တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်သင့်သည်များကို အကြံပြုဆွေးနွေးသည်။ ထို့နောက် ဌာနဆိုင်ရာများ၊ တောင်သူအကျိုးပြုအဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် တောင်သူလယ်သမားများက ဝိုင်းဝန်းသုံးသပ်အကြံပြုဆွေးနွေးကြကြောင်း သိရှိရသည်။ (ပြည်နယ် ပြန်/ဆက်)

* ရှေ့ဖုံးမှ

တစ်ပတ်အတွင်း ရွှေဈေးနှုန်း

ရက်စွဲ	အဖွင့်ဈေး ကျပ်သား	အပိတ်ဈေး ကျပ်သား	ကမ္ဘာ့ရွှေဈေး အောင်စ
၃-၉-၂၀၁၂	၇၆၅၈၀၀	၇၆၅၅၀၀	၁၆၉၀
၄-၉-၂၀၁၂	၇၆၆၈၀၀	၇၆၆၃၀၀	၁၆၉၅
၅-၉-၂၀၁၂	၇၆၆၅၀၀	၇၆၇၅၀၀	၁၆၉၅
၆-၉-၂၀၁၂	၇၆၈၅၀၀	၇၇၂၆၀၀	၁၇၀၈
၇-၉-၂၀၁၂	၇၆၉၀၀၀	၇၆၉၃၀၀	၁၆၉၅

ပေးအပ်လှူဒါန်း

ဂန့်ဂေါခရိုင် ဆောမြို့နယ် လောင်းရှည်ကျေးရွာအုပ်စု ကာက ကျေးရွာပညာပွင့်ဦးစာကြည့်တိုက်အတွက် စာအုပ်များနှင့်ပရိဘောဂများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို စက်တင်ဘာ ၄ ရက်က အဆိုပါ စာကြည့်တိုက်မျက်နှာစာ၌ ကျင်းပစဉ်။ (၁၀၁)



ှာစကားပြောကြားရာတွင် တိုင်းရင်းသားရေးရာဝန်ကြီးများ
၏ အစည်းအဝေးများတွင် ဆွေးနွေးစရာရှိပါကတင်ပြ၍ အစည်း
ိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့က တိုင်းရင်းသားရေးရာ
းအဝေးဖိတ်ကြားပါကလည်း တက်ရောက်ရမည်ဖြစ်ပါကြောင်း၊
်ကြိမ် တွေ့ဆုံနိုင်အောင် ကြိုးစားမည်ဖြစ်ပါကြောင်း၊ အလားတူ
ပြည်ထောင်စုနေ့အခမ်းအနားကြီးသို့ တက်ရောက်ရန် ဖိတ်ကြား
ဉ်ကျေးမှု အနုပညာနှင့်ပတ်သက်၍ ထိန်းသိမ်းစောင့်ရှောက်
င်း၊ တိုင်းရင်းသားစာပေများ သင်ကြားမှုနှင့်ပတ်သက်၍ အချို့
နေရာများလည်းရှိပါကြောင်း၊ ဥပမာအားဖြင့် ရှမ်းပြည်နယ်တွင်
ဖြင့် ကျန်တိုင်းရင်းသား လူမျိုးစုများ၏ စာပေများလည်းရှိနေ
သော်လည်း မိမိနည်းမိမိဟန်ဖြင့်လည်း တတ်နိုင်သရွေ့ဆောင်ရွက်

်တော်များများတွင် ပစ်ခတ်မှုများမရှိသလောက် အေးချမ်းသွား
ကြောင်း၊ လုံခြုံမှုရှိလာသဖြင့် မိမိတို့အသက်မွေးဝမ်းကျောင်း
ချမ်းရေး တည်ဆောက်ရာတွင် ကျန်သည့်အဖွဲ့များနှင့် အထိုက်
နှင့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံတွင်
ရပြီဟု ဆိုရမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း ရာနှုန်းပြည့်
ည်ဖြစ်ပါကြောင်း၊ ဦးစွာအပစ်အခတ်ရပ်စဲရန် ဆောင်ရွက်ရမည်
ရွက်ရန်မှာမူ တစ်နေရာနှင့်တစ်နေရာ၊ လူမျိုးစုတစ်စုနှင့်တစ်စု၊
အချက်များရှိသဖြင့် အချိန်ယူဆွေးနွေးပြီး ညှိနှိုင်းဆောင်ရွက်
် လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ကြမည်ဖြစ်ပါကြောင်း၊
င်း၊ ပထမအဆင့်တွင် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်
င့်ဆွေးနွေးရာတွင် တိုင်းရင်းသားရေးရာဝန်ကြီးများအပါအဝင်
င်ပြေချောမွေ့မည်ဖြစ်ပါကြောင်း၊ ဝန်ကြီးများအနေဖြင့် မိမိတို့
က်ကြရန်တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲကို
(သတင်းစဉ်)

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးဆောင်ခန်းမအတွင်း ခင်းကျင်းပြသထားသည်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

◆ *ကျောဖုံးမှ*

ယင်းနောက် ဒုတိယသမ္မတဦးဉာဏ်ထွန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတမှ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲခြင်း လုပ်ငန်းစဉ်(၅)ရပ်ဖြင့် အကောင်အထည်ဖော်ရန် လမ်းညွှန်မှုပြုထားကြောင်း။ အဆိုပါ လုပ်ငန်းစဉ်(၅)ရပ်မှာ-

(က) စိတ်ဓာတ်ပိုင်းပြုပြင်ပြောင်းလဲခြင်း၊
(ခ) သီးနှံအမည်အလိုက် ဈေးကွက်ဝင်အထူးအထွက်ကောင်း မျိုးသန့်မျိုးစေ့များ ပြောင်းလဲစိုက်ပျိုးခြင်း၊
(ဂ) ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များပြောင်းလဲစိုက်ပျိုးခြင်း၊
(ဃ) လယ်ယာမြေပုံသဏ္ဍာန်များအား ဧကကွက်၊ ဟတ်တာကွက်စသည်ဖြင့် စနစ်တကျပုံစံပြောင်းလဲပေးခြင်း၊
(င) သမားရိုးကျ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်(Mechanized Farming)သို့ ပြောင်းလဲခြင်းတို့ဖြစ်ပါကြောင်း။

နိုင်ငံတော်၏လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေးတွင် အဓိကအခြေခံအကျဆုံးဖြစ်သည့် မြေယာပြုပြင်ပြောင်းလဲရေး (Land Reform)ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၌ခေတ်အဆက်ဆက်ကျင့်သုံးခဲ့သည့် မြေယာဥပဒေများမှာ တိုးတက်ပြောင်းလဲလာသည့် ခေတ်စနစ်အခြေအနေအရပ်ရပ်နှင့်ကိုက်ညီမှုမရှိတော့သဖြင့် နိုင်ငံတော်မှပြောင်းလဲကျင့်သုံး ဆောင်ရွက်လျက်ရှိသည့် ဒီမိုကရေစီနိုင်ငံရေးစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်တို့နှင့်အညီ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်စွာဖြင့် လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေတို့ကို(၃၀-၃-၂၀၁၂)ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။

လယ်ယာမြေဥပဒေသည် ၂၀၁၂ ခုနှစ်၊ ဩဂုတ် ၃၁ ရက်တွင် လယ်ယာမြေဥပဒေပုဒ်မ ၂ အရ စတင်အာဏာတည်သည်ဟု သတ်မှတ်လိုက်ကြောင်း နိုင်ငံတော်သမ္မတရုံး၏ (၃၁-၈-၂၀၁၂)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၂/၂၀၁၂ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါကြောင်း။

လယ်ယာမြေဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ (က) အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူအတည်ပြုချက်ဖြင့် လယ်ယာမြေနည်းဥပဒေများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ (၃၁-၈-၂၀၁၂) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၂ အဖြစ်လည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ(က) အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူအတည်ပြုချက်ဖြင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ (၃၁-၈-၂၀၁၂)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/ ၂၀၁၂ အဖြစ်လည်းကောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။

လယ်ယာမြေဥပဒေအရ နိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများအားလုံး၏ **လယ်ယာမြေလုပ်ပိုင်ခွင့်** (Land Use Right) အခွင့်အရေးကို ဥပဒေနှင့်အညီ သားစဉ်မြေးဆက်အဆက်ဆက်တိုင်အောင် မှန်ကန်ခိုင်မာစွာရရှိစေရန် အဓိကဦးတည် ရည်ရွယ်ခြင်းဖြစ်သည့်အားလျော်စွာ တောင်သူလယ်သမားများ၏ **လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်း** (Land Use Right Registration) သည် အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးလုပ်ငန်းဖြစ်ပါကြောင်း။

နိုင်ငံတစ်ဝန်း တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ခရိုင်၊ မြို့နယ်များအားလုံးတွင် လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများမှ ပြဋ္ဌာန်းချက်များနှင့်အညီ တောင်သူလယ်သမားများအားလုံးက လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ပြုလုပ်ရန် တင်ပြလျှောက်ထားခြင်းနှင့် သက်ဆိုင်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က စိစစ်ခွင့်ပြုခြင်းလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ယင်းသို့ လယ်ယာမြေလုပ်ပိုင်ခွင့်အား သားစဉ်မြေးဆက် ခိုင်မာစွာရရှိနိုင်မည့် အခွင့်အရေးကို တောင်သူလယ်သမားများကိုယ်တိုင်သိရှိ နားလည်သဘောပေါက်ပြီး မိမိတို့ လုပ်ကိုင်ခွင့်ရထားကြသည့် လယ်ယာမြေလုပ်ကွက်များအား ဥပဒေနှင့်အညီ တင်ပြလျှောက်ထားနိုင်ရေးနှင့် အဆင့်ဆင့်လက်တွေ့အမှန်တကယ် လိုက်နာ အကောင်အထည်ဖော်တာဝန်ယူဆောင်ရွက်ကြရမည့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးများ ဦးဆောင်ပြီး တာဝန်ရှိသည့် ဌာနများက ဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များကို ကျွမ်းကျင်ကျေညက်စွာ သိရှိပြီး ထိရောက်စွာ လိုက်နာဆောင်ရွက်ကြရန် အထူးအရေးကြီးပါကြောင်း။

လယ်ယာမြေဥပဒေနှင့်နည်းဥပဒေများတွင် လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားခြင်းနှင့်လုပ်ပိုင်ခွင့်စိစစ်ခွင့်ပြုခြင်းဆိုင်ရာလုပ်ငန်းများ၊ လယ်ယာမြေကို ဥပဒေနှင့်အညီ လွှဲပြောင်းခြင်းနှင့်လုပ်ပိုင်ခွင့် အမည်ပြောင်းလျှောက်ထားသည့်ကိစ္စရပ်များ၊ လယ်ယာမြေကို အများပြည်သူအကျိုးငှာ စိုက်ပျိုးမှုမှအပ အခြားနည်း အသုံးပြုခွင့်လျှောက်ထားသည့်ကိစ္စရပ်များနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုနှင့် အယူခံမှုများ စစ်ဆေးဆုံးဖြတ်ခြင်းစသည့် လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းရပ်များအား အခန်းအလိုက်ပုဒ်မတစ်ခုချင်းစီဖြင့် အသေးစိတ်ပြည့်စုံစွာ ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါကြောင်း။

မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့် နည်းဥပဒေများတွင် နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို အသုံးပြု၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းနှင့် အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန် အသေးစိတ်ပြဋ္ဌာန်းထားရှိကြောင်း တွေ့ရှိရပါကြောင်း။

လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေနှင့် နည်းဥပဒေများတွင် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တိကျစွာလိုက်နာသူများအတွက် အကျိုးကျေးဇူးများရရှိခံစားနိုင်ကြမည်ဖြစ်သကဲ့သို့ ဥပဒေကိုဖောက်ဖျက်ကျူးလွန်သူများအနေဖြင့်လည်း ဥပဒေအရအရေးယူရန်ကိုလည်း ထည့်သွင်းဖော်ပြပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ဝန်ကြီးချုပ်ဦးဆောင်သည့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များဖွဲ့စည်းထားရှိပြီးဖြစ်သည့်အားလျော်စွာ ဒေသအတွင်း လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့်မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များတွင် သက်ဆိုင်သည့်တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အတည်ပြုပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲ စီမံဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ယခုကျင်းပသည့်သင်တန်းတွင် နိုင်ငံတစ်ဝန်းတောင်သူလယ်သမားများ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုဥပဒေနှင့်အညီ မှန်ကန်စွာစိစစ်ဆောင်ရွက်ပေးရန် လုပ်ဆောင်ရမည့်နည်းလမ်းများနှင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က လိုက်နာကျင့်သုံး အကောင်အထည်ဖော်ရမည့်လုပ်ငန်းတာဝန်များကို ကျေညက်စွာနားလည်သိရှိနိုင်မှသာလျှင် လက်တွေ့လုပ်ဆောင်ရာ၌ အများအယွင်းကင်းစွာဖြင့် ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ရာတက်ရောက်လာကြသည့် တိုင်းဒေသကြီး/ပြည်နယ်အားလုံးမှ လယ်ယာစိုက်ပျိုးရေးကဏ္ဍတာဝန်ခံဝန်ကြီးများနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိဝန်ထမ်းများအားလုံးက မိမိတို့ကိုယ်တိုင်ကိုင်တွယ်ကျင့်သုံးဆောင်ရွက်ကြရမည့် ဥပဒေများနှင့်နည်းဥပဒေများကို ကောင်းစွာသိရှိနားလည်နိုင်ရေးအတွက် အလေးထားလေ့လာဆွေးနွေးမှတ်သားကြရန်နှင့် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ ရေရှည်အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေးရှု၍ နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တာဝန်ရှိသူအားလုံးက တိကျစွာ လိုက်နာဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးဦးခင်ဇော်က နိုင်ငံတကာတွင် စက်မှုလယ်ယာဖော်ထုတ် ဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၌ ခေတ်မီစက်မှုလယ်ယာဖော်ထုတ်နေမှု ဆောင်ရွက်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအုန်းသန်းက ဥပဒေ၊ နည်းဥပဒေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများဆိုင်ရာ အခန်းအလိုက်၊ ပုဒ်မတစ်ခုချင်းစီအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးနှင့်ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေပညာရှင်များနှင့် တက်ရောက်လာကြသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး သင်တန်းကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

အဆိုပါ သင်တန်းသို့ တိုင်းဒေသကြီး၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးများ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်မြေစာရင်းဦးစီးဌာနမှူးများ စုစုပေါင်း ၉၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းပို့ချဆွေးနွေးမှုများကို စက်တင်ဘာ ၉ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ာဆီယံ-အမေရိကန်
ပ်စု အစည်းအဝေးကျင်းပ

် မြန်မာနိုင်ငံက
လက်ခံကျင်းပခဲ့ခြင်း

တွင် အာဆီယံနှင့်
အကြား မိတ်ဖက်
ပ်ိုင်းဆောင်ရွက်မှုများ
ွက် အလားအလာ
ားအပေါ် သုံးသပ်
ပြင် မိတ်ဖက်
နိုင်ရန်နှင့် ပူးပေါင်း
ကဏ္ဍရပ်များ ထပ်မံ
က် အာဆီယံ
အကြံပြုတင်ပြနိုင်ရန်
သည်။
သို့ အာဆီယံနိုင်ငံ
ပွားရေးနှင့်လူမှုရေး
အသိအမြင်နှင့်
ာသူ ပုဂ္ဂိုလ်ကြီးများ၊
င်ပေါ်ကျော်ကြားသူ
ိုကာကိုလာကုမ္ပဏီ
ရာရှိချုပ် မစ္စတာ
သံအမတ်ကြီး(ငြိမ်း)
က်ပ်လေတန်ရှိုင်တို့
ည်။

မြန်မာနိုင်ငံမှထင်ပေါ်ကျော်ကြားသူ သံအမတ်ကြီး(ငြိမ်း) ဦးလှမြင့်က ဒေသဆိုင်ရာနှင့် နိုင်ငံတကာရေးရာများကို ကိုင်တွယ်ဖြေရှင်းရာတွင် အာဆီယံနှင့် အမေရိကန်နိုင်ငံတို့၏ မဟာဗျူဟာကျသည့် ရေရှည်မိတ်ဖက်အစီအစဉ်များ ရေးဆွဲ၍ ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပမည့် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေး၌ အကြံပြုတင်ပြမည်ဖြစ်ကြောင်း၊ ပထမအကြိမ်အစည်းအဝေးတွင် ပျိုးထောင်လာခဲ့သည့် ပူးပေါင်းညှိနှိုင်းမှု စိတ်ဓာတ်ကောင်းများကို အခြေခံကာ မိမိတို့အား တာဝန်ပေးအပ်ချက်များနှင့်အညီအောင်မြင်စွာ အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား Parkroyal Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ကြိမ် အာဆီယံ-အမေရိကန် ထင်ပေါ်ကျော်ကြားသူများ၏ အုပ်စုအစည်းအဝေး Parkroyal
ပစဉ်။ (သတင်းစဉ်)

တောင်တွင်းကြီး၌ မိုးသည်းထန်စွာရွာသွန်း မိုးကြိုးကြောင့် လူတစ်ဦးဒဏ်ရာရရှိ

တောင်တွင်းကြီး စက်တင်ဘာ ၇

တောင်တွင်းကြီး မြို့နယ်တွင် စက်တင်ဘာ ၆ ရက်ည ၁၁ နာရီမှ စက်တင်ဘာ ၇ ရက် နံနက်အထိ မိုးအဆက်မပြတ်သည်းထန်စွာ ရွာသွန်းခဲ့သည်။ ထိုစဉ် တောင်တွင်းကြီးမြို့နယ် ချောင်းနက်ကျေးရွာအုပ်စု အိုးတန်းကျေးရွာနေ တောင်သူ ဦးကျော်ဝင်း (ဘ)ဦးအောင်စိန်သည် ကင်ပွန်းတောင်ကျေးရွာအုပ်စု ဝံအော်ကြီးကျေးရွာအနီး တောင်တွင်းကြီး-တောင်ညို-ပျဉ်းမနားကားလမ်းမကြီးဘေး မိုင်တိုင်အမှတ်(၅၁)အနီးမှ မြေလမ်းခွဲတဲစုရှိ အိမ်တွင်း၌ရှိနေစဉ် ယင်းနေ့နံနက် ၀၀း၁၀ နာရီခန့်တွင် မိုးကြိုးပစ်ခံရသဖြင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နွားနှစ်ကောင် သေဆုံးခဲ့ကြောင်း သိရသည်။ မိုးကြိုးပစ်ခံရသူ ဦးကျော်ဝင်းသည် တောင်တွင်းကြီးပြည်သူ့ဆေးရုံသို့တင်ပို့ကာ ဆေးကုသမှုခံယူခဲ့ပြီးနောက် မကွေးဆေးရုံကြီးသို့ ပြောင်း၍အတွင်းလူနာအဖြစ် ဆေးကုသမှု ဆက်လက်ခံယူလျက်ရှိကြောင်း သိရှိရသည်။

(နိုင်ဝင်း)

မီးရှူးမီးပန်းလုပ်ရန် ယမ်းထောင်းသူ ပေါက်ကွဲမှုကြောင့် ပွဲချင်းပြီးသေဆုံး

တာချီလိတ် စက်တင်ဘာ ၇

စက်တင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်က တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် နယ်မြေ(၂) အိမ်အမှတ် ၂/၄၆ နေ (ဘ)ဦးအိုက်ဆောင်၏သား အသက် ၃၆ နှစ်အရွယ်ရှိ အိုက်ရှုန်သည် ရှမ်းတိုင်းရင်းသားရိုးရာ ဝေဿန္တရာပွဲတော်ကျင်းပရာတွင် မီးရှူးမီးပန်းဖောက်ရန်အတွက် အိမ်အမှတ် ၂/၄၄ နှင့် ၂/၄၅ ကြားရှိ မြေကွက်လပ်တွင် မီးရှူးမီးပန်းပြုလုပ်ရန် ယမ်းခဲများကို ပိုးသတ်ဆေးဘူးအတွင်းထည့်သွင်း ယမ်းထောင်းနေစဉ် ပေါက်ကွဲမှုဖြစ်ပွားပြီး ဘယ်ဘက်ခြေထောက်ပြတ်၊ ရှေ့မျက်နှာတစ်ခြမ်းပျက်စီး၊ ဝမ်းဗိုက်ခါးပိုင်းပျက်စီး ဒဏ်ရာများရရှိကာ နေရာတွင်ပင်ပွဲချင်းပြီးသေဆုံးခဲ့သဖြင့် တာချီလိတ်ရဲတပ်ဖွဲ့စခန်းက သေမှုသေခင်းဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (၀၆၀)

သစ်ပင်စိုက်လျှင် ဒို့ဝန်းကျင်
စိမ်းစိုလှပ ကြည်နူးရ

ကမ္ဘာ့ရွှေဈေး	
အောင်စ	
	၁၆၉၀
	၁၆၉၅
	၁၆၉၅
	၁၇၀၈
	၁၆၉၅

ပေးအပ်လှူဒါန်း

ဂန့်ဂေါခရိုင် ဆောမြို့နယ် လောင်းရှည်ကျေးရွာအုပ်စု ကာကကျေးရွာပညာပွင့်ဦးစာကြည့်တိုက်အတွက် စာအုပ်များနှင့်ပရိဘောဂများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို စက်တင်ဘာ ၄ ရက်က အဆိုပါ စာကြည့်တိုက်မျက်နှာစာ၌ ကျင်းပစဉ်။ (၁၀၁)

မြန်မာ့အလင်း မြို့နယ်သတင်းအတိုအထွာ

တောရိုင်းတိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေးဟောပြော

တောရိုင်းတိရစ္ဆာန် ကာကွယ်စောင့်ရှောက်ရေးနှင့် တားမြစ်ထားသော တိရစ္ဆာန်များအကြောင်း အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁ ရက်က လမ်းမတော်မြို့နယ် သံဈေးတာဝန်ခံရုံးခန်း၌ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် သစ်တောဦးစီးဌာန(အလုံ)ဦးစီးအရာရှိ ဦးနှင်းအောင်ဆန်းက တိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေးနှင့် တားမြစ်ရခြင်းအကြောင်းကိုလည်းကောင်း၊ တောအုပ်ကြီး ဦးလှရွှေက မြန်မာနိုင်ငံ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအကြောင်းကို လည်းကောင်း ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ (ဝ၄၂)

မိုးကောင်းပြည်သူ့ဆေးရုံသို့ စုပေါင်းအလှူငွေပေးအပ်

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့ ပြည်သူ့ဆေးရုံကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာရှင်အလှူရှင်များ၏ စုပေါင်းအလှူငွေ ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက အထက(၂) ရတနာခန်းမ၌ ကျင်းပရာ စေတနာရှင် ၁၆၃ ဦး၏ လှူဒါန်းငွေကျပ် ၁၃၈ သိန်း ၂ သောင်းကို တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

အဆင့်မြင့်စက်ချုပ်နှင့် အခြေခံအိမ်တွင်းမှုသင်တန်းဖွင့်

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ကော့သောင်းမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၃၃/၂၀၁၂)နှင့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၆၂/၂၀၁၂)သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၇ ရက်က အေးမြကန်သာ ရပ်ကွက်ရှိ သင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စစ်ကိုင်း၌ဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့တွင် ၂၀၁၂ ခုနှစ် (၁၉)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီက စစ်ကိုင်းမြို့ အားကစားရုံ၌ ကျင်းပရာ ဆုရရှိကြသူများအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးဝင်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြသည်။ ထို့နောက် ပြိုင်ပွဲများတွင် ပထမဆုရရှိခဲ့ကြသော အနုပညာရှင်များက အောင်ပါစေတေးသီချင်းဖြင့် စုပေါင်းသီဆိုကပြခဲ့ကြကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ညောင်လေးပင်မြို့၌ ပညာရည်ချွန်ဆုချီးမြှင့်

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ ဖွင့်လှစ်ထားသော ပညာဒါန (အခမဲ့) စာသင်ဝိုင်း၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်ပွဲကို ဩဂုတ် ၂၅ ရက် မွန်းလွဲ ၁ နာရီက အမက အာဇာနည်လမ်းကျောင်း၌ ကျင်းပရာ ပညာဒါန အလုပ်အမှုဆောင်နာယက ဒေါက်တာမြင့်သန်း(ညောင်လေးပင်)နှင့် အလုပ်အမှုဆောင်များက ဂုဏ်ထူးဖြင့်အောင်မြင်သော ကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်ပေးပြီး စေတနာရှင် ဦးကျင်ဝှက်က ဂုဏ်ထူးရအောင်သင်ကြားပေးသော ဆရာ ဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (၁၃၈)

ကျေးလက်ဒေသဖွံ့ဖြိုးရေး ငပုတော၌ ရှင်းလင်းဆွေးနွေး

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၉ ရက် နံနက် ၁၀ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ဆွေးနွေးပွဲအခမ်းအနား ကျင်းပသည်။ အခမ်းအနားတွင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လင်းက ငပုတောမြို့နယ်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ခရိုင်စိုက်ပျိုးမြှင့်ကော်မတီဝင်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီဝင်များဖြစ်ကြသော မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာစိုးသိမ်းက စီးပွားရေးတိုးတက်စေရန် ဒေသအလိုက်၊ ကဏ္ဍအလိုက်မွေးမြူရေးလုပ်ငန်းကို တိုးချဲ့ခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်းကောင်း၊ ခရိုင်သစ်တောဦးစီးမှူး ဦးသိန်းဇော်လင်းက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

